မြန်မာနိုင်ငံ
ကက်သလစ်
ဆရာတော်များ
အဖွဲ့ချုပ်
သတင်းဂျာနယ်

# the CBCM Herald

ငါတို့သည် ဆေးကြောခြင်းမင်္ဂလာ
ခံခြင်းအားဖြင့် ခရစ်တော်နှင့်အတူ
သေကြ၍ သင်္ဂြိုလ်ခြင်းခံခဲ့ကြ၏။
အကြောင်းမူကား ခရစ်တော်သည်
သေခြင်းမှ ထမြောက်သည်နည်းတူ
ငါတို့အားလည်း အသစ်သော
အသက်တာ၌ လျှောက်လှမ်း
ကြစေရန် ဖြစ်သည်။

ရောမသြဝါဒစာ ၆း၄

မေလ၊ ၂၀၁၈ ခုနှစ်
မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများ အဖွဲ့ချုပ်မှ လစဉ်ထုတ်ဝေသည်
အတွဲ (၃) အမှတ် (၄)






## ပြည်ထောင်စု သမ္မတ မြန်မာ နိုင်ငံတော် သမ္မတဦးဝင်းမြင့်

"... ပြည်သူတွေ မြင်ချင်တွေ့ချင်တဲ့အပြောင်း အလဲတွေ ကို မျက်ဝါးထင်ထင်တွေ့မြင်နိုင်အောင် ကျွန်တော်တို့ရဲ့ ပြည်သူတွေနဲ့အတူ မမိုတ်မသုန် ကြိုးပမ်း ဆောင်ရွက် သွားမှာ ဖြစ်ကြောင်း အလေးအနက် ဂတိပြု ..."





ပီးမေ သာသနာပြုများ မြန်မာနိုင်ငံသို့ ရောက်ရှိခြင်း နှစ် ၁၅၀ ပြည့် မဟာ ဂျူဘီလီ ပွဲတော်

## အယ်ဒီတာ့ အာဘော်

### ပုံသွင်း တည်ဆောက်ခြင်း

ကက်သလစ်အသင်းတော်၏ ယုံကြည်ခြင်းအမွေအနှစ်ကို ထိန်းသိမ်း စောင့်ရှောက်သည် ဆိုရာတွင် ထိုယုံကြည်ခြင်းကို လှောင်ပိတ်ထားခြင်း မဟုတ်ဘဲ အများနှင့် ဝေမျှကြရမည်ဟု ပုပ်ရဟန်းမင်းကြီး ဖရန်စစ်က မိန့်မှာခဲ့ဖူးသည်။ ကက်သလစ် အသင်းတော်၌ ယုံကြည်ခြင်းနှင့် ကိုယ်ကျင့်တရားကို အတိမ်းအစောင်းမရှိစေရန် အထူး သတိပြု သွန်သင်လေ့ရှိသည်ကို ဘာသာဝင်တိုင်း သိကြပေမည်။

ဧပြီလအတွင်းတွင် သာသနာအုပ်စု အသီးသီးတို့တွင် ဘုရားစကား သင်တန်းများ ဖွင့်လှစ်ခြင်း၊ လူငယ် မွမ်းမံသင်တန်းများ ပြုလုပ်ပေးခြင်းများကို အားတက်ဖွယ် တွေ့မြင်ခဲ့ရသည်။ အထူးသဖြင့် လူငယ်မွမ်းမံသင်တန်းများကို သင်္ကြန်အချိန်ကာလအတွင်း အများဆုံးပြုလုပ်ခဲ့ကြသည်။ လူငယ်များသည်လည်း သင်္ကြန်ကာလ ပိတ်ရက်များကို ပျော်ပွဲရွှင်ပွဲများဖြင့် အချိန်မကုန်စေဘဲ မွမ်းမံသင်တန်းများတွင် ပါဝင်ခဲ့ကြသည်မှာ အသင်းတော်၏ အတွက် အလွန်ပင် ကျေနပ်အားရဖွယ်ရာ ဖြစ်သည်။

အထူးသဖြင့် ပုသိမ်ဂိုဏ်းချုပ်သာသနာ မရမ်းချောင်းရှိ ရွှေနလုံးတော် ရဟန်းဖြစ်သင်ကျောင်းတွင် ဧပြီလ ၂၃ မှ ၃၀ ရက်အထိကျင်းပပြုလုပ်သော အဌမအကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ကက်သလစ်လူငယ်များနီးနှောဖလှယ်ပွဲသည် လူငယ်ထုအတွက် အလွန်တန်ဘိုးရှိသော အစီအစဉ်တစ်ခုအဖြစ် ရှုမြင်သုံးသပ်နိုင်သည်။

ယနေ့လူငယ် နောင်ဝယ် လူကြီးဆိုသည့် စကားအတိုင်း လူငယ်များအား ပြုစုပျိုးထောင်ခြင်းသည် လူသားထု၏ အနာဂတ်ကို ထုဆစ်ခြင်းဖြစ်သည်။ မိမိတို့နိုင်ငံကို အဆင့်မြှင့်တင်လိုသော နိုင်ငံတိုင်းသည် လူငယ်များအား ဂရုတစိုက် ပြုစု ပျိုးထောင်သည်။ လူငယ်များတွင် လူသားထုအား ဆက်လက်တည်ဆောက်ရန် တာဝန်ရှိသကဲ့သို့ စွမ်းအင်များစွာလည်းရှိသည်။ ထိုစွမ်းအင်များကို မှန်ကန်စွာ အသုံးချတတ်ရန် သွန်သင်ပေးရမည်၊ အသုံးချနိုင်ရန် အခွင့်အရေးပေးရမည်။

လူငယ်များ အများဆုံးရင်ဆိုင်နေရသည်မှာ ယုံကြည်ခြင်းဆိုင်ရာ မေးခွန်းများဖြစ်သည်။ ကက်သလစ်အသင်းတော်၏ ယုံကြည်ချက်များကို သိနားလည်နိုင်ရန်၊ ထိုယုံကြည်ချက်များ အပေါ်တွင် အခြေပြုထားသော ကိုယ်ကျင့်တရားကို လိုက်ကျင့် တည်ဆောက်နိုင်ရန် လိုအပ်သော အထောက်အကူများ ပေးရမည်။ ဝမ်းနည်းစရာ ကောင်းသော လက်ရှိ အနေအထားတစ်ခုမှာ သားသမီးများက ဘာသာရေး အကြောင်း မေးလျှင် မိဘများက မဖြေနိုင်ကြ။ စာသင်ကျောင်းတွင်လည်းကောင်း၊ လုပ်ငန်းခွင်တွင် လည်းကောင်း လူငယ်များမှာ ကက်သလစ် အသင်းတော်၏ ယုံကြည်ခြင်းနှင့် ကိုယ်ကျင့် တရားတို့အပေါ် စိန်ခေါ်မှုမျိုးစုံကို ရင်ဆိုင်ကြရသည်။ ကိုးကွယ်ရာမတူညီသော သူများ၏ မေးခွန်းများစွာကို မဖြေနိုင်အောင် ဖြစ်ရသည်။ မိမိကိုယ်တိုင် မဖြေနိုင်သော မေးခွန်းများ၏ အဖြေကို မည်သည့်နေရာတွင် မည်သူကို မေးရမှန်း မသိဖြစ်နေကြသည်။

အခက်အခဲမျိုးစုံ တွေ့ကြုံနေရသော အချို့လူငယ်တို့သည် အလွန်ကြွယ်ဝသော ကက်သလစ် ယုံကြည်ခြင်းနှင့် ဘာသာရေးကျင့်စဉ်တို့မှ ခွန်အားမယူနိုင်ကြတော့သော အခါ အသင်းတော်မှ ထွက်ခွါသွားတတ်ကြသည်။ ဧကန်စင်စစ် အသင်းတော်၌ အဖြေမရှိသောကြောင့် မဟုတ် အဖြေရှာမတွေ့ကြသောကြောင့် ဖြစ်သည်။

လူငယ်တမန်တော်လုပ်ငန်းကို အသင်းတော်ထဲ၌ အရှိန်အဟုန် မြှင့်တင်ရန် အရေးတကြီးလိုအပ်နေသည်။ အဘယ့်ကြောင့်ဆိုသော် ယနေ့ လူငယ်များအကြားတွင် အလွန်လျင်မြန်သော မီဒီယာ ပစ္စည်းများ ရှိနေသည်။ ကမ္ဘာတဝှမ်းတွင် ဖြစ်ပျက်နေသော အကြောင်းအရာများကို အချိန်နှင့် တပြေးညီ ကြားသိမြင် နိုင်စွမ်းရှိကြသည်။ ထိုသို့သော အနေအထားတွင် အကြောင်းအရာ မျိုးစုံ အကြား၌ ဖိအားများစွာ ခံစားနေရသည်။ အထူးသဖြင့် အမှားအမှန်၊ အဆိုးအကောင်း ရွေးချယ်ဆုံးဖြတ်ရာတွင် စံထားရမည့် ယုံကြည်ခြင်းနှင့် ကိုယ်ကျင့်တရား အခိုင်အမာ လိုအပ်သည်။

အရှိန်အဟုန်မြင့်မားစွာ စီးဆင်းနေသော ကမ္ဘာလောကကြီး၏ ပြောင်းလဲ တိုးတက်ခြင်းများ၏ ဘာသာရေးရာသားကောင်းမဖြစ်စေဘဲ ထိုပြောင်းလဲတိုးတက်ခြင်း ရေစီးထဲမှ မိမိ လိုရာခရီးကို အောင်မြင်ချောမောစွာ ရောက်ရှိသောသူများ ဖြစ်နိုင်ရန် လိုအပ်သည်။ ကက်သလစ်အသင်းတော်၏ ယုံကြည်ခြင်းနှင့် ကိုယ်ကျင့်တရားတို့သည် မျိုးဆက်သစ်များ ဘေးကင်းလုံခြုံစေရေး အထောက်အကူပြုမည့် အရာများဖြစ်သည်။ ထို့ကြောင့် လူငယ်များအား ကက်သလစ် အသင်းတော်၏ ယုံကြည်ခြင်းနှင့် ကိုယ်ကျင့် တရားတို့၌ ပုံသွင်းတည်ဆောက်ပေးရေးကို အထူး ဆောင်ရွက်သင့်လှပေသည်။



**မြန်မာနိုင်ငံ ကက်သလစ် ဆရာတော်ကြီးများ ပုပ်ရဟန်းမင်းကြီးအား တွေ့ဆုံရန် ရောမမြို့သို့ ထွက်ခွါ**

Ad Limina Apostolorum ဟု အမည်တွင်သည့် ခရီးစဉ်တွင် ကမ္ဘာတဝှမ်းမှဆရာတော်များသည်ပုပ်ရဟန်းမင်းကြီးနှင့် တွေ့ဆုံကာ မိမိတို့ ဂိုဏ်းချုပ်ဂိုဏ်းအုပ်သာသနာ အခြေ အနေများ တင်ပြခြင်း၊ ဗာတီကန်ရှိ ပုပ်ရဟန်းမင်းကြီး၏ ဝန်ကြီး႒ာနများဟု ခေါ် ဆိုနိုင်သည့် ကော်မရှင်အသီးသီးတို့နှင့် တွေ့ဆုံဆွေးနွေးခြင်း လမ်းညွှန်မှုခံယူခြင်းတို့လုပ်ဆောင်ရသည်။ ဆရာတော်ကြီးများ၏ ဤခရီးစဉ်သည် မြန်မာပြည် နှင့် ကက်သလစ် အသင်းတော်အတွက် အကျိုးသက်ရောက်မှုရှိပါစေကြောင်း ဝိုင်းဝန်း ဆုတောင်း ကြပါစို့

မေလအတွက် ပုပ်ရဟန်းမင်းကြီး၏ ဆုတောင်း မေတ္တာ ရည်ရွယ်ချက်

**The Mission of the Laity:**

That the lay faithful may fulfil their specific mission, by responding with creativity to the challenges that face the world today.

**သာမန်ဘာသာဝင်တို့၏ လုပ်ငန်းစဉ်အတွက်**

သာမန်ဘာသာဝင်တို့သည် ယနေ့ကမ္ဘာတွင် ရင်ဆိုင်နေရသော စိန်ခေါ်မှုများကို ဆန်းသစ်တီထွင်ခြင်းဖြင့် တုန့်ပြန်ကာ မိမိတို့၏ လုပ်ငန်းစဉ်များကို ဖြည့်စွက်နိုင်ကြပါမည့်အကြောင်း


ထုတ်ဝေခွင့်အမှတ်
၀၁၇၂၅

နာယက
ဆရာတော် ပီတာလွီစ် ကျာခူ

အယ်ဒီတာချုပ်နှင့်ထုတ်ဝေသူ
ဖာသာရ် မာရီယာနို စိုးနိုင်

အယ်ဒီတာအဖွဲ့ဝင်များ
ဖာသာရ် ဂျိမ်းဘရန်ဂျာ၊ ဖာသာရ် စောလောရင်းစ်၊
ဖာသာရ် ဝီလျံစိုး၊ ဖာသာရ် ဩဂုတ်စတင်းရွှေ

ဒီဇိုင်းဖွဲ့စည်းပုံ
ဖါသာရ် စိုးနိုင် ၊ ရိုစ့်မေရီ

အတိုင်ပင်ခံများ
CBCM အထွေထွေအတွင်းရေးမှူး၊
ငြိမ်းချမ်းရေးနှင့် တရားမျှတရေးကော်မရှင်၊
ကက်သလစ်ရှေ့နေများအဖွဲ့။

ဖြန့်ချီရေးတာဝန်ခံများ
သာသနာ (၁၆)ခု နှင့် သူတော်စင်ဂိုဏ်းများမှ
လူထုဆက်သွယ်ရေးတာဝန်ခံများ

ပုံနှိပ်တိုက်
စိန်ဖေးဗီးယားပုံနှိပ်တိုက် (၀၀၂၆၂)
အမှတ်(၂၇)ဖဆပလရပ်ကွက်၊ ဂျိုးဖြူလမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

ငွေလွှဲရန်
ရိုးမဘဏ်နှင့် ကမ္ဘောဇဘဏ် မြေနီကုန်း၊ ရန်ကုန်။
နော်မြတ်နှင်းထွေး (၁၄/ဟသတ(နိုင်)၂၄၆၀၉၅



ဆက်သွယ်ရန်
CBCM Herald သတင်းစာရုံးခန်း
မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများကျောင်း
၂၉၂(က)၊ ပြည်လမ်း၊ စမ်းချောင်း၊ ရန်ကုန်
ဖုန်း ၀၁ ၅၂၅၈၀၈ (ရုံးဖွင့်ချိန်များသာ)
cbcmosc@gmail.com

# မစ္ဆားတရားတော်မြတ်ပူဇော်ခြင်းကို အနှစ်သာရရှိရှိ ကျင်းပပူဇော်ခြင်း

သီကိုရှင်း

မစ္ဆားတရား တော်မြတ်နှင့် ကိုယ်တော်မြတ် စက္ကရမင်တူးအကြောင်း ဘုရားစကား သင်ကြားခြင်းကို ဆက်လက် ပြုလုပ်သွားပါမယ်။ အရှေ့ပတ်တွေမှာ နှုတ်ကပါတ်တော် ဝတ်ပြုခြင်းနဲ့ ပတ်သက်ပြီး ဆွေးနွေးခဲ့ကြတယ်။ ဒီတစ်ပတ်မှာတော့ ကိုယ်တော်မြတ် ဝတ်ပြုခြင်းအပိုင်းကို ပြောပြချင်ပါတယ်။ ဒီ ကိုယ်တော်မြတ် ဝတ်ပြုခြင်းအပိုင်းမှာ မွန်မြတ်တဲ့ သင်္ကေတတွေ အားဖြင့် အမိအသင်းတော်က ယေရှုဘုရားရဲ့ ကားစင်ပေါ်က ပူဇော်ခြင်းပဋိညာဉ်အသစ်ကို ဆက်လက်ပြုနေတာ ဖြစ်ပါတယ်။ လက်ဂါးကားတိုင် ဆိုတာ ခရစ်တွေရဲ့ ပထမဆုံး ပူဇော်ရာ ယဇ်ပလ္လင်ပဲ ဖြစ်ပါတယ်။ မစ္ဆားတရား ပူဇော်ဖို့ ပလ္လင်ရှေ့ကို ချဉ်းကပ်တိုင်း ခရစ်တော် ပူဇော်ခဲ့တဲ့ ကနဦး ပူဇော်ခြင်း ကားတိုင်ပလ္လင်ကို ပြန်လည်သတိရ စေပါတယ်။

မစ္ဆား တရားတွင်းမှာ ရဟန်းတော်က ခရစ်တော်ကို ကိုယ်စားပြုထားတယ်။ ခရစ်တော် ပြုခဲ့တဲ့အတိုင်း၊ မိန့်မှာ ခဲ့တဲ့အတိုင်းပြုလုပ်ပါတယ်။ "ယူ၍စားကြလော့။ ဤအရာသည်ကား ငါ၏ ခန္ဓာကိုယ်ဖြစ်၏။ ယူ၍သောက်ကြလော့။ ဤအရာသည်ကား ငါ၏ အသွေးတော်ဖြစ်၏။ ငါ့ကို အောက်မေ့သတိရခြင်းငှာ ထိုနည်းတူ ပြုကြလော့" လို့ မိန့်မှာခဲ့တဲ့ မှာကြားချက်ကို သတိရကြတယ်။ ခရစ်တော်ရဲ့ မိန့်မှာချက်ကို နာခံပြီး အသင်းတော် က ကိုယ်တော်မြတ် ဝတ်ပြုခြင်း အပိုင်းကို ပြုလုပ်ပါတယ်။ ဒါကြောင့် ပူဇော်ခြင်းအတွက် ပြင်တဲ့အခါမှာ ခရစ်တော်ကိုယ်တိုင် ယူပြီးပေးခဲ့တဲ့ မုန့်စပျစ်ကို ပလ္လင်ထက်မှာ ပူဇော်ဖို့ ယူလာကြတယ်။ ကိုယ်တော်မြတ် ဖန်ဆင်းခြင်း ဆုတောင်းမေတ္တာပိုင်းမှာ ကယ်တင်တော်မူခြင်း လုပ်ငန်း တစ်ခုလုံးအတွက် ဘုရားသခင်အား ကျေးဇူးတင် ကြတယ်။ ပူဇော်ရာ လှူဖွယ်ဝတ္ထုကနေ အသွေးတော် အသားတော် အဖြစ် ပြောင်းလဲလာတယ်။ ခရစ်တော် ဆီကနေ တပည့်တော်ကြီးတွေ မုန့်ဖွဲ့ ရယူခဲ့တဲ့ အတွေ့ကြုံမျိုး တို့တွေကလည်း ပြန်လည် ကြုံတွေ့ကြရတယ်။

မုန့်ကို ယူတယ်ဆိုတာက ပူဇော်ရာ လက်ဆောင်ကို ပြင်ဆင်ခြင်းနဲ့ အသွင်တူပါတယ်။ လက်ဆောင်ကို ပြင်ဆင်ခြင်းက ကိုယ်တော်မြတ ဝတ်ပြု ဖန်ဆင်းခြင်း အပိုင်းမှာ ပထမဆုံးအပိုင်း ဖြစ်ပါတယ်။ ဘာသာ သူတွေက မုန့်နဲ့ စပျစ်ရည်ကို လာရောက် ဆက်သတာဟာ အလွန်သင့်မြတ်လှ ပါတယ်။ ကိုယ်တော်မြတ်အတွက် စုရုံးနေကြတဲ့ အမိအသင်းတော်ရဲ့ ဝိညာဉ်ရေးရာ ပူဇော်ခြင်းလို့လည်း ပြောလို့ရပါတယ်။ ဒါဟာ မစ္ဆားတရားအတွက် အရေးကြီးတဲ့ ပူဇော်ခြင်းတစ်ခုပဲဖြစ်ပါတယ်။ မုန့်၊ စပျစ်ရည်နှင့်အတူ ဘာသာသူတွေက ရဟန်းရဲ့ လက်တော်မှ တဆင့် သူတို့ပူဇော်ကြတယ်။ ရဟန်းက သူတို့ရဲ့ လှူဖွယ်ဝတ္ထုတွေကို



ပလ္လင်ရှေ့မှာ ထားပြီး ပူဇော်တယ်။ မစ္ဆားတရား တစ်ခုလုံးရဲ့ ဗဟိုက ယဇ်ပလ္လင်တော် ဖြစ်ပြီး ခရစ်တော်က ယဇ်ပလ္လင်လည်း ဖြစ်နေပါတယ်။ ဒါကြောင့် ယဇ်ပလ္လင်ကို အမြဲတမ်း ဗဟိုပြုဖို့လိုပါတယ်။ မြေကြီးမှ ရတဲ့ အသီးအနှံနဲ့ လူရဲ့ ကြိုးပမ်းအားထုတ်မှုကို ဘုရားသခင်ရဲ့ နှုတ်ကပါတ်တော်နှင့် ပေါင်းစည်းပြီး ခမည်းတော်ဘုရားထံသို့ ဆက်ကပ်တဲ့ ခရစ်တော်ရဲ့ ပူဇော် ရာဖြစ်လာပြီး အသင်းတော်တစ်ခုလုံး အကျိုးခံစားရ စေပါတယ်။

လူသားတွေဖက်က ပူဇော်ခြင်းက အသေးအဖွဲလေး ပါပဲ။ အဲ့ဒီ အသေးအဖွဲလေးကိုပဲ ခရစ်တော်က လိုချင်တာပါ။ နည်းနည်းလေးတောင်းပြီး များများ ပြန်ပေးတတ်တာဟာ ဘုရားသခင်ရဲ့ သဘော သဘာဝပါ။ နေ့စဉ်ဘဝမှာ နေတဲ့အခါ စိတ်ကောင်းနှလုံးကောင်းရှိဖို့ ဘုရားက တောင်းဆိုတယ်။ နှလုံးသားတွေကို ဖွင့်ထားဖို့ အထူးသဖြင့် ကိုယ်တော်မြတ် စက္ကရမင်တူးရဲ့ အဆင်းသဏ္ဍာန်အောက်မှာ ပူဇော်ခံရတဲ့ ခရစ်တော်ကို ကြိုဆိုကြဖို့ ဘုရားသခင်တောင်းဆိုပါတယ်။ မုန့်နှင့် စပျစ်ရည်ရဲ့ အသွင်သဏ္ဍာန်အောက်မှာ သူ့ရဲ့ အသွေးအသား ဖြစ်တည်လာပါတယ်။ ဒါကြောင့် မုန့်စပျစ်ရည်ကို ပူဇော်ခြင်းအားဖြင့် ဘုရားရဲ့ ပူဇော်ခြင်းနဲ့ ပေါင်းစပ်ကြပါ တယ်။ ဒီပူဇော်ခြင်းမှာ လောဗန်အမွှေးနံ့သာကိုလည်း အသုံးပြုကြတယ်။ မီးခိုးငွေ့သဖွယ် အမွှေးနံ့သာတွေက အထက်ကို တက်သွားတယ်။ လူ့ရဲ့ ပူဇော်ခြင်းကို အထက်မှာရှိတဲ့ ဘုရားထံ အပ်နှံတဲ့သဘောပါ။ ဒါပေမဲ့ အမြဲသတိရဖို့ ကောင်းတာတစ်ခုက မစ္ဆားတရားမှာ ခရစ်တော်ရဲ့ အဓိက ကျပါတယ်။ ယဇ်ပလ္လင်က ကာလဂါရီက ကားတိုင်ကို ကိုယ်စားပြုပြီး ယဇ်ပလ္လင်ပေါ်က မုန့်က ခရစ်တော်ကို ကိုယ်စားပြုထားတယ်။ အဲ့ဒီ ပူဇော်ခြင်းမှာ တို့လူသားတွေကလာပြီး ပေါင်းစပ်ပူဇော်ကြခြင်းသာ ဖြစ်ပါတယ်။ ခမည်းတော် ဘုရားကို ပူဇော်တဲ့ ခရစ်တော်ရဲ့ အသွေးနဲ့ အသားဟာ နောက်ဆုံးမှာတော့ ခရစ်တော်ကိုယ်တိုင် ပေးတဲ့ လူတွေအတွက် အကောင်းဆုံး လက်ဆောင်တစ်ခု ဖြစ်လာပါတယ်။

အသင်းတော်တစ်ခုလုံးရဲ့ ပူဇော်ရာ ကို ဘုရားသခင် လက်ခံဖို့ ရဟန်းက တောင်းလျှောက် ဆုတောင်း ပေးပါတယ်။ ဘာမှ မရှိတဲ့ နံ့ချာတဲ့ ပူဇော်ခြင်းက တန်ဖိုးဖြတ်မရအောင် ကြွယ်ဝလှတဲ့ ပူဇော်ခြင်း အဖြစ် ပြောင်းသွားတယ်။ မုန့်စပျစ်ရည်နဲ့ အတူ ဘဝတွေကိုပါ ပူဇော်တဲ့အခါ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် တို့ဘဝ တွေလည်း ပြောင်းလဲလာကြတယ်။ ခရစ်တော်သခင်က မိမိကိုယ်ကို လူတွေအတွက် ပေးသလို ကျွန်ုပ်တို့ကလည်း တစ်ဦးနဲ့ တစ်ဦး မျှဝေပေးဆပ်ကြဖို့မစ္ဆားတရားတော်မြတ်က သွန်သင်ပေးနေပါတယ်။

(ဖေဖော်ဝါရီလ ၂၈ ရက် ၊ ၂၀၁၈)

မုန့်နှင့်စပျစ်ရည်ကို ပူဇော်ပြီးတဲ့အခါမှာ ကိုယ်တော်မြတ်ဖန်ဆင်းခြင်း ပဌာနာတော်ဆုတောင်း မေတ္တာကို စတင်ပါတယ်။ မစ္ဆားတရားတစ်ခုလုံးရဲ့ အဓိက ကျတဲ့ အပိုင်းကို ရောက်ရှိလာပါပြီ။ နောက်ဆုံးညစာ စားပွဲမှာ ခရစ်တော်သခင်က မုန့်နှင့်စပျစ်ရည်ကို ယူပြီး ကျေးဇူးတော်ချီးမွမ်းခဲ့သလို ရဟန်းက မုန့်စပျစ်ရည်ကို ယူပြီး ကျေးဇူးတင် ချီးမွမ်းစကား ဆိုပါတယ်။ မစ္ဆားတရားကို ပူဇော်တိုင်း ခရစ်တော်ရဲ့ ကျေးဇူးတင် ချီးမွမ်းခြင်းက ပြန်လည်ပြီး အသက်ဝင် ဝင်လာပါတယ်။ ဒီပဌာနာတော်ကို လေးလေးနက်နက်နဲ့ ရွတ်ဆိုရပါတယ်။ ဒီပဌာနာ တော် ဆုတောင်းမေတ္တာထဲမှာ အသင်းတော်က ဘာကြောင့် မစ္ဆားတရားကို ကျင်းပနေရလဲ၊ ဒါကို ကျင်းပခြင်းအားဖြင့် ဘယ်လို အကျိုးခံစားရလဲဆိုတဲ့ အကြောင်းတွေကို တွေ့ရတယ်။ မုန့်စပျစ်ရည် အဆင်းသဏ္ဍာန် အောက်မှာ ကိန်းဝပ်စံမြန်းလာတဲ့ ခရစ်တော်နှင့် အမိအသင်းတော်က တစ်သားတည်း ဖြစ်လာပါတယ်။ စိတ် ဝိညာဉ်တွေကို မြှင့်တင်ထားဖို့၊ ဘုရားသခင်ကို အာရုံပြုကြဖို့ဖိတ်ခေါ်ပြီးတဲ့နောက်မှာ ရဟန်းတော်က သန့်ရှင်း သော ဝိညာဉ်တော် ဘုရားသြဒ်ဘ သားတော်ယေရှုအားဖြင့် ခမည်းတော်ကို ဦးတည်ပြီး ဆုတောင်းမေတ္တာရွတ်ဆိုပါတယ်။ ဒီဆုတောင်းမေတ္တာမှာ ဘာသာသူ ပရိသတ်ကလည်း ဘုရားသခင်ရဲ့ ကြီးမြတ်သော အမှုခပ်သိမ်းကို အောက်မေ့ပြီး အတူ ပါဝင်ကြရတယ်။ ဒီပူဇော်ခြင်းမှာ ပေါင်းစပ်ဖို့အတွက် နားလည်ဖို့လည်း လိုပါတယ်။ ဒါကြောင့် အမိအသင်းတော်က မစ္ဆားတရားကို သက်ဆိုင်ရာ နေရာ ဒေသရဲ့ ဘာသာစကားနဲ့ ကျင်းပစေပါတယ်။ ဒါမှသာ ပါဝင်သူတိုင်းကလည်း နားလည်သဘောပေါက်ကြမှာဖြစ်တယ်။ ဒီလိုနဲ့ပဲ ခရစ်တော်ရဲ့ ပူဇော်ခြင်း၊ မစ္ဆား တရားအတွင်းက ကိုယ်တော်မြတ် ပူဇော်ခြင်း ဟာ တစ်ခုတည်းဖြစ်တယ် ဆိုတာကို နားလည်နိုင်ကြပါလိမ့်မယ်။

မစ္ဆားတရား ဂိနည်း စာအုပ်ထဲမှာ ကိုယ်တော်မြတ်ပဌာနာ ဆုတောင်းမေတ္တာတော်ကို အမျိုးမျိုး ရေးဖွဲ့ ထားတာ ရှိပါတယ်။ အားလုံးက အခြေခံသဘော တရားတူညီကြပြီး အလွန်လှတဲ့ ဆုတောင်းမေတ္တာတွေပါပဲ။ အရင်ဆုံး ဘုရားသခင်ရဲ့ လက်ဆောင်အတွက် ကျေးဇူးတင်တဲ့ နိဒါန်းတော် ဆုတောင်းမေတ္တာ လာတယ်။ ပြီးတဲ့အခါမှာ သန့်ရှင်းတော်မူ၏ ဆိုတဲ့ ကြွေးကြော်သံကို ရွတ်ဆိုကြတယ်။ ပုံမှန်အားဖြင့်တော့ သီဆိုကြပါတယ်။ သိကြားတမန်တော်တွေ၊ ရဟန္တာ သူတော်မြတ်တွေက သန့်ရှင်းတော်မူ၏ သန့်ရှင်းတော်မူ၏ သန့်ရှင်းတော်မူ၏ လို့ နှစ်ထောင်းအားရစွာ ကြွေးကြော် ချီးမွမ်းကြသလို ပါဝင်သူ ပရိသတ်ကလည်း အားပါးတရ သီဆိုကြတာဟာ သိပ်လှတဲ့ ကျေးဇူးခြင်းတစ်ခုပါပဲ။

ဝိညာဉ်တော်ဘုရားကို ဖိတ်ခေါ်ပြီး မုန့်နဲ့ စပျစ်ရည်ကနေ ခရစ်တော်ရဲ့ အသွေးတော်နှင့်အသားတော်အဖြစ် ပြောင်းလဲပေးတဲ့ ဆုတောင်းမေတ္တာကို ရွတ်ဆိုပါတယ်။ သန့်ရှင်းသော ဝိညာဉ်တော်ရဲ့ လုပ်ဆောင်မှုနှင့် အတူ ခရစ်တော်မိန့်မှာခဲ့တဲ့ စကားအတိုင်း ရဟန်းက ရွတ်ဆိုလိုက်တဲ့အခါမှာ မုန့်စပျစ်ရည်က အသွေးတော် အသားတော် အဖြစ် အမှန် ပြောင်းလဲသွားပါတယ်။ ဒါဟာ နက်နဲဖွယ်ရာ တစ်ခုပါပဲ။ ဒီနက်နဲဖွယ်ရာကို ယုံကြည်ပြီး ဂန်ခံကြတယ်။ ခရစ်တော်ရဲ့ သေခြင်း၊ ရှင်ပြန်ထမြောက်ခြင်း၊ တဖန် ကြွလာတော်မူခြင်းတွေကို အောက်မေ့ပြီး ဂန်ခံကြပါတယ်။ ခရစ်တော်နဲ့ အတူ တစ်လုံးတစ်ဝတည်း ဖြစ်လာရတာဟာ မစ္ဆားတရားရဲ့ ကျေးဇူးတော် အသီးပွင့်ပဲဖြစ်ပါတယ်။ ဒါဟာ ကျေးဇူးတော်ပါ။ ခရစ်တော်ရဲ့ အသွေး အသားတော်နှင့် ဝိညာဉ်ကို အားဖြည့်ခွင့်ရတယ်။ ပင့်ယူသူတိုင်းကလည်း ခရစ်တော်ရဲ့ ခန္ဓာကိုယ်တွေ တစ်နည်းအားဖြင့် ရှင်သန်နေဆဲ ခရစ်တော်ရဲ့ ကိုယ်ခန္ဓာလေးတွေ ဖြစ်လာကြပါတယ်။

ကိုယ်တော်မြတ် ဆုတောင်းပဌနာတော်ကို ရွတ်ဆိုခြင်းအားဖြင့် ဘုရားရဲ့ သားသမီးတွေဖြစ်တဲ့ ပုပ်ရဟန်းမင်းကြီး၊ ဆရာတော်၊ ပါဝင်ကြသူ ဘာသာဝင်တွေ၊ သေလွန်ကုန်သော ဝိညာဉ်တွေ အားလုံးကို ဘုရားရဲ့ ပြည့်ဝသော မေတ္တာတော်မှာ စု

စည်းပြီး လက်ခံပေးဖို့ ဘုရားသခင်ကို တောင်းလျှောက်ကြတယ်။ ထာဝရ သုခချမ်းသာရဖို့ အမိမယ်တော်၊ သိကြား ရဟန္တာ တွေနဲ့အတူ သေသူရှင်သူတိုင်း အတွက် ပူဇော်ပေးတဲ့ ဆုတောင်းမေတ္တာ ဖြစ်ပါတယ်။ ကိုယ်တော်မြတ်ပဌနာ ဆုတောင်းမေတ္တာမှာ ဘယ်သူ့ကိုမှ ချန်ရစ်မထား ခဲ့ပါဘူး။ အကူညီလိုလို့ အထူး ဆုတောင်းချင်တယ်ဆိုရင် နာမည်တပ်ပြီး တော့ကို ဆုတောင်းပေးလို့ရပါတယ်။ ဒီ အတွက် ဘာမှ ပေးစရာမလိုပါဘူး။ ဘာလို့လဲဆိုတော့ မဿားတရားက ခရစ်တော်ရဲ့ အဖိုးအခမဲ့ ပူဇော်ခြင်းဖြစ်တာမို့ လူ တွေကို လွတ်လပ်စွာပဲ ပေးတဲ့အတွက်ကြောင့်ပါ။ ဆန္ဒရှိလို့ မဿားတရား အတွက် တစ်ခုခု ပေးပြီး တောင်းခံလို့ ရပါတယ်။ ဒါပေမဲ့ ဒါဟာ မဿားတရားအတွက် ပေးတဲ့ အလျော် အစားတစ်ခု၊ အရောင်းအဝယ်တစ်ခု မဟုတ်ဘူး ဆိုတာကိုတော့ နားလည်ဖို့ အရေးကြီးပါတယ်။ ဒီ ကိုယ်တော်မြတ်ဆုတောင်းပဌနာတော်မှာ သင်ယူစရာ ၃ ခုရှိပါတယ်။ ပထမအချက်က အမြဲတမ်း ဘုရားကို ကျေးဇူးတင်ပါ။ ဒုတိယအချက်က ကိုယ့်ဘဝကို ချစ်ခြင်းမေတ္တာ လက်ဆောင်အဖြစ် ပူဇော်ပါ။ တတိယအချက်ကတော့ အမိအသင်းတော်ထဲမှာ လူသားတိုင်းနဲ့ ပေါင်းစည်း နိုင်ဖို့ တည်ဆောက်ဖို့ပါပဲ။

(မတ်လ ၇ ရက်၊ ၂၀၁၈)

မဿားတရားမှာ မုန့်စပျစ်ရည်ကို ပူဇော်ကာ ကျေးဇူးတင်ချီးမွမ်းပြီးတဲ့နောက်မှာ သခင်ယေရှူး စီရင် ထားတဲ့ ဆုတောင်း မေတ္တာကို ရွတ်ဆိုကြရတယ်။ ဒီမေတ္တာလေးကို ဆိုရင်း ကိုယ်တော်မြတ် ပင့်ယူခန်းကို ရောက်သွားတာဖြစ်တယ်။ ကောင်းကင်ဘုံ၌ မေတ္တာဟာ အကောင်းဆုံး ဆုတောင်းမေတ္တာဖြစ်သလို ဘုရား သခင်ရဲ့ သားသမီးတိုင်းရဲ့ ဆုတောင်းမေတ္တာလည်း ဖြစ် ပါတယ်။ ဒါကို သခင်ခရစ်တော်ကိုယ်တိုင်က သင်ပေးခဲ့တာပါ။ ကောင်းကင်ဘုံ၌ မေတ္တာကို ဆိုတဲ့အခါတိုင်း ခရစ်တော်သခင် ဆုတောင်းသလို ပြန်လည် ဆုတောင်းကြပါတယ်။ တပည့်တော်ကြီးတွေက ကိုယ်တော် ဆုတောင်းသလို တပည့်တော်တို့ကိုလည်း ဆုတောင်းဖို့ သင်ပေးပါလို့ တောင်းလျှောက်ခဲ့တဲ့ အခါ ဒီမေတ္တာကို သင်ပေးခဲ့ပါတယ်။ ဒီကောင်းကင်ဘုံ၌ မေတ္တာကိုဆိုတိုင်း ခရစ်တော်ကဲ့သို့ ဆုတောင်းရာ ရောက်ပါတယ်။

ဒီမေတ္တာရဲ့ အလှတရားတစ်ခုက ဘုရားသခင်ကို အဖေ လို့ ခေါ်တ ရခြင်းပဲ ဖြစ်ပါတယ်။ ဘယ်သူကမှ ဘုရားကို အဖေလို့ မခေါ်ပံ့ကြပါဘူး။ သန့်ရှင်းသော ဂိညဉ်တော်အားဖြင့် အသစ်မွေးဖွားခြင်း ခံကြရလို့ ဘုရား ကို အဖေလို့ ခေါ်တ ဖို့ သတ္တိတွေ ရှိလာပါတယ်။ ဒါပေမဲ့လို့လည်း ဘုရားကို အဖေလို့ ခေါ်နေပေမဲ့ တချို့က ဘာ ဖြစ်လို့ ခေါ်လဲဆိုတာကို မစဉ်းစားမိကြဘူး။ သင်တို့ရော ကောင်းကင်ဘုံ၌ မေတ္တာကို ဆိုတိုင်း အဘလို့ ဘုရားကို ခေါ်တိုင်း စိတ်ထဲမှာ သူ့ကို အဖေ တစ်ယောက်လို ခံစားမိကြရဲ့လား။ အဖေတစ်ယောက်လို ဆက်နွယ်မှုမျိုး ရှိကြလား။ တကယ်တော့ ဒီမေတ္တာကို ဆိုတဲ့အခါမှာ သားသမီးတွေကို ချစ်တဲ့ အဖေ တစ်ယောက်ကို ဆက်နွယ်ရသလိုပါပဲ။

ပြီးတော့ ကောင်းကင်ဘုံ၌ မေတ္တာရဲ့ ဒုတိယအပိုင်းကို ကြည့်ရအောင်။ နေ့စဉ်အစားစာကို တောင်းခံ တာကို တွေ့ရတယ်။ ဒါဟာ ကိုယ်တော်မြတ်စက္ကရမင်တူးနဲ့လည်း ပတ်သက်နေပါတယ်။ ဘုရားသားသမီးတွေအဖြစ် ရှင်သန်နိုင်ဖို့ အသက်ပေးတဲ့ မုန့်ဆိုတာ လိုအပ်ပါတယ်။ ဒါတင်မကသေး ဘုရားဆီကခွင့်လွှတ်ခြင်းကိုလည်း တောင်းခံကြတယ်။ ခွင့်လွှတ်ခြင်းကို ရဖို့ ကိုယ်ကိုတိုင် ကလည်း ခွင့်လွှတ်ဖို့ ကြိုးစားရတယ်။ ဒါဟာ မလွယ်ပါဘူး။ ခွင့်လွှတ်ခြင်းဆိုတာ ဖြေးဖြေးချင်း တည်ဆောက်ယူရတဲ့ ကျေးဇူးတော် ပါရမီတစ်ခုပါပဲ။ ခွင့်လွှတ် ခြင်းကို တောင်းပြီးတော့ မကောင်းဒုစရိုက်ကနေ လွှတ်ကင်းဖို့ရန်အတွက်လည်း တောင်းခံကြပြန် တယ်။

အဲ့ဒီနောက်မှာ ကျေအေးခြင်း အမှတ်လက္ခဏာကို ကမ်းလှမ်းဖို့ ဖိတ်ခေါ်တယ်။ ခရစ်တော်က ငြိမ်းချမ်းရေးကို အမွေအဖြစ် ထားခဲ့တယ်။ ငြိမ်းချမ်းခြင်း စည်းလုံးညီညွတ်ခြင်းတို့၌ အသင်းတော်ကြီးကို ရှင်သန်စေချင်ပါတယ်။ ဒါကြောင့် တစ်ဦးနဲ့တစ်ဦးကလည်း ခွင့်လွှတ်ပြီး ကျေအေးသင့်မြတ်ကြောင်း အမှတ်လက္ခဏာကို ပြကြတယ်။ ခရစ်တော်ပေးတဲ့ ငြိမ်းချမ်းခြင်းဟာ ခွင့်မလွှတ်နိုင်တဲ့၊ မကြေအေးနိုင်တဲ့ နှလုံးသားထဲမှာ ဘယ်လိုမှ နေရာ မယူနိုင်ပါဘူး။ ခွင့်လွှတ်ပေးခြင်းအားဖြင့် မိမိကိုယ်တိုင်လည်း ငြိမ်းချမ်းသာယာမှု ရှိလာပါတယ်။ ငြိမ်းချမ်းခြင်းကို ကမ်းလှမ်းပြီးရင် ဘုရား၏သိုးငယ်တော်ကို တိုင်တည်ပြီး အသနားခံတယ်၊ ငြိမ်းချမ်းခြင်းကို တစ်ဖန် တောင်းလျှောက်ကြပြန်တယ်။ ကောင်းကင်ဘုံ၌ မေတ္တာကို စဆိုပြီး ဘုရား၏ သိုးငယ်တော် ငြိမ်းချမ်းခြင်းကို ပေးတော်မူပါလို့ ဆိုခြင်းအားဖြင့် ဘာသာသူ ပရိသတ်ကို ကောင်းမွန်ထိုက်တန်စွာ ကိုယ်တော်မြတ်



ကို ပင့်ယူနိုင်ဖို့ ပြင်ဆင်ပေးလိုက်ပါတယ်။

(မတ်လ ၁၄ ရက်၊ ၂၀၁၈)

ကိုယ်တော်မြတ် ပင့်ယူခြင်းအပိုင်းကို ကျွန်ုပ်တို့ ရောက်ရှိလာကြပြီ။ ခရစ်တော်နှင့် ဂိညဉ်ရေးရာ ပေါင်း စပ်ခြင်းအဖြစ် အသွေးတော်နဲ့ အသားတော်ကို ပင့်ယူကြတယ်။ ခရစ်တော်က သူ့ကိုယ်သူ နှုတ်က ပါတ်တော် အသွင်နဲ့ တစ်မျိုး၊ အသွေး အသားတော်အသွင်နဲ့ တစ်ဖုံ လူသားတွေကို ဂိညဉ်အဟာရဖြည့်တင်းဖို့ ပေးပါတယ်။ ငါရဲ့ အသားကိုစားပြီး ငါရဲ့ အသွေးကို သောက် သူတိုင်းက ငါ၌တည်တယ်၊ ငါလည်း ထိုသူ၌ တည်တယ်လို့ မိန့်ခဲ့ပါတယ်။ ရဟန်းတွေ၊ ဒီကင်တွေက ကိုယ်တော်မြတ်ကို ဝေမျှပေးတဲ့အခါ ဘာသာတူတွေက ပင့်ယူလိုက် တဲ့အချိန်မှာ သခင်ယေရှူးက ပင့်ယူသူတွေအထဲမှာ ကိန်းဝပ်ပါတယ်။

ဘုရားသခင်ရဲက စားပွဲသို့ ဖိတ်ခေါ်ခံရသူတိုင်းဟာ မင်္ဂလာရှိတယ်လို့ ရဟန်းက ကိုယ်တော်မြတ်ကို ပြပြီး ဖိတ်ခေါ်ပါတယ်။ ဗျာဒိတ်တော်ကျမ်းမှာ ဒီအကြောင်း ကို မင်္ဂလာဆောင်ပွဲနဲ့ နှိုင်းပြထားတာကို တွေ့ရတယ်။ သိုးငယ်တော်၏ မင်္ဂလာဆောင်ပွဲတော်သို့ ခေါ်ဖိတ်ခံသူဟာ မင်္ဂလာရှိတယ် (ဗျာဒိတ်ကျမ်း ၁၉း၉) လို့ တွေ့ရတယ်။ မှန်ပါတယ်။ ခရစ်တော်က အသင်းတော်ရဲ့ သတို့သားလောင်း ဖြစ်ပါတယ်။ သတို့သားနဲ့ သမီးရဲ့ ပေါင်းစည်းတဲ့ ဆက်နွယ်ရင်းနှီးမှုမျိုးကို ကိုယ်တော်မြတ် ပင့်ယူသူတိုင်းက ခံစားကြဖို့ လိုအပ်တယ်။ ပျော်ရွှင်ခြင်း၊ ယုံကြည်ခြင်းတို့နဲ့အတူ ပင့်ယူကြရတယ်။ မသန့်ရှင်း မထိုက်တန် ရင်လည်းပဲ ခရစ်တော်ရဲ့ ချစ်ခြင်းမေတ္တာက အပြစ်ခွင့်လွှတ်ပေးပြီး ကျွန်ုပ်တို့ကို သန့်စင်စေပါတယ်။ ဒါကြောင့် ကိုယ်တော့်ကို ပင့်ယူဖို့ မထိုက်တန်ပါ။ တစ်ခွန်းမျှသာ အမိန့်ရှိပါလျှင် ကျွန်ုပ်တို့သည် သန့်ရှင်းစင်ကြယ်ပါလိမ့်မည်လို့ ဆိုကြတာပေါ့။

ကိုယ်တော်မြတ်ကိုပင့်တဲ့အခါ ပရိသတ်က တန်းစီပြီးသွားရတာ ရှိတယ်။ အမှန်တော့ ခရစ်တော်က တို့ဆီကို လာနေတာပါ။ ဒီအချိန်လေးမှာ ခရစ်တော်နဲ့ ဆုံတွေ့ကြရတယ်။ လူကသွားတယ်။ ဘုရားက လူ့ဆီ ကြွလာတယ်။ ကိုယ်တော်မြတ်ကို ပင့်ယူတိုင်း ဘုရားနဲ့ တစ်သားတည်း ဖြစ်သွားတာမို့ ဘုရားနဲ့ ပိုပြီးတူလာကြရ ပါမယ်။ ဘဝတွေလည်း ပြောင်းလဲလာ ကြရမယ်။ မုန့်နဲ့ စပျစ်ရည်ကလည်း ပြောင်းသွားပြီ။ ပင့်ယူတဲ့သူတွေရဲ့ ဘဝတွေကလည်း ပြောင်းလဲခြင်း ရှိရပါမယ်။ 'ခရစ်တော်၏ကိုယ်တော်' လို့ ပြောပြီး ကိုယ်တော်မြတ်ကို ဝေပေးတဲ့ အခါ 'အာမင်' လို့ ပြန်ထူးကြတယ်။ ခရစ်တော်၏ ကိုယ်ခန္ဓာ ဖြစ်ပါစေပေါ့။ ဒါဟာ ဘယ်လောက်တောင် လှလဲ ကြည့်ကြည့်ပါ။ ကိုယ်တော်မြတ်ကိုပင့်ယူခြင်းဖြင့် ကျွန်ုပ်တို့ရဲ့ ခန္ဓာကိုယ်ကလည်း ခရစ်တော်ရဲ့ ခန္ဓာကိုယ်အဖြစ် ပြောင်းသွားတယ်။ အံ့သြဖို့ကောင်းတဲ့ နက်နဲဖွယ်ရာ ပေါင်းစည်းခြင်းတစ်ခုပါပဲနော်။ ကိုယ်တော်မြတ်ကို ပင့်ယူပြီးတဲ့အခါ တိတ်ဆိတ်စွာ ကျေးဇူးတင်တယ်။ ဘုရားနဲ့ ပေါင်းစပ်ကြတယ်။ ကိုယ်တော်မြတ်ဂတ်ပြုခြင်း အပိုင်းကတော့ ကိုယ်တော်မြတ်ပင့်ယူပြီးနောက် ဆိုရတဲ့ မေတ္တာကို ရဟန်းက ရွတ်ဆိုပြီး အဆုံးသတ်သွားပါ တယ်။ ကျွန်ုပ်တို့လည်း ဘုရားသခင်ဆီမှာ ကိုယ်တော်မြတ် စက္ကရမင်တူးကို ပင့်ယူခြင်းအားဖြင့် ဂိညဉ်အသက်တာတွေကို ပြောင်းလဲ ပေးပါလို့၊ တောင်းခံကြစို့။

(မတ်လ ၂၁ရက်၊ ၂၀၁၈)

သီကိုရှင်း

**Communication is part of God's plan for us and an essential way to experience fellowship. Made in the image and likeness of our Creator, we are able to express and share all that is true, good, and beautiful.**

**Pope Francis World Day of Communications, 2018**

*ဆက်သွယ်ရေးသည် ကျွန်ုပ်တို့ လူသားများအတွက် ဘုရားသခင် ချမှတ် ထားသော စီမံကိန်း၏ အစိတ်အပိုင်း တစ်ခု ဖြစ်ပြီး ဆက်သွယ်ရေးအားဖြင့် လူတို့သည် မိတ်သဟာဖွဲ့ကြရန်ဖြစ်သည်။ ဆက်သွယ် ရေးအားဖြင့် ကျွန်ုပ်တို့သည် မှန်ကန်ခြင်း၊ ကောင်းမြတ်ခြင်းနှင့် လှပခြင်းတို့ကို အချင်းချင်း မျှဝေနိုင်ကြသည်။*

# သင့်လျော်သောနိုင်ငံတော်သမ္မတသစ်ရရှိရေးနှင့် အမိမြန်မာနိုင်ငံတော်အတွက် ပုသိမ်ဆရာတော်ကြီးနှင့် ကလေးငယ်များဆုတောင်းပေးခဲ့ကြ



မြန်မာနိုင်ငံအတွက် သင့်လျော်သော သမ္မတအသစ် ရွေးချယ်တင်မြှောက်နိုင်ရန် ပုသိမ်ဂိုဏ်းအုပ်ဆရာတော်ကြီး ဂျွန်မန်းဆိန်းဟ်ိုနှင့် မြောင်းမြဖုံမှ သက်ထွေးက လေးသူငယ် ၂၀၀ ခန့်သည် နိုင်ငံတော်သမ္မတသစ်ရွေးချယ်ခဲ့သည့် မတ်လ ၂၈ ရက် နံနက်ပိုင်းက စုပေါင်းဆုတောင်းခဲ့ကြသည်။

မြောင်းမြမြို့ ယေရှုးရွှေနှလုံးတော် ဘုရားကျောင်းတွင် ကလေးသူငယ်များနှင့်အတူဆရာတော်ကြီးက "မြန်မာပြည်အတွက် ရသင့်ရထိုက်သော၊ မြန်မာပြည်အတွက် လိုအပ်တဲ့ ကျေးဇူးတော်ကို ဖြည့်စွက်ပေးနိုင်သော၊ မြန်မာပြည်ကြီးကိုလည်း ထိရောက်အောင်မြင်စွာဖြင့် ဦးဆောင်ပေးနိုင်သည့်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုဦးဆောင်ပေးနိုင်မည့်၊ မြန်မာပြည်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိထိရောက်ရောက် ဦးဆောင်လမ်းညွှန်နိုင်မည့် သမ္မတကိုရွေးချယ်နိုင်ကြပါမည့်အကြောင်း ဘုရားရှင်ထံ ဆုတောင်းပါကြောင်း" စိပ်ပုတီးစိပ် ဆုတောင်းပေးခဲ့ကြသည်။

နိုင်ငံတော်သမ္မတဟောင်း ဦးထင်ကျော်နှင့် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌဟောင်းဦးဝင်းမြင့်တို့သည် ပြီးခဲ့သည့် မတ်လ ၂၁ ရက်နေ့ကရာထူးတာဝန်များမှ နုတ်ထွက်ခဲ့ပြီး ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌဟောင်း ဦးဝင်းမြင့်သည် မတ်လ ၂၃ ရက်တွင် ဒုတိယသမ္မတအဖြစ်ရွေးချယ်ခံခဲ့ရသည်။ မတ်လ ၂၈ ရက်တွင် ပြည်တောင်စုမြန်မာနိုင်ငံ၏ နိုင်ငံတော်သမ္မတကို ပြည်ထောင်စုလွှတ်တော်အတွင်း မဲပေးရွေးချယ်ခဲ့ကြပြီး ဒုတိယသမ္မတဦးဝင်မြင့်သည် ထောက်ခံမဲ ၄၀၃ မဲဖြင့် မဲအများဆုံးရရှိကာ နိုင်ငံတော်သမ္မသစ်ဖြစ်လာခဲ့သည်။

တရားဥပဒေစိုးမိုးရေးနှင့် စီးပွားရေး တိုးတက်မြှင့်မားရေး၊ အမျိုးသားပြည်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စုကြီးတည်ဆောက်ရေး အခြေခံအုတ်မြစ်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး စသည့်အချက်သုံးချက်ကို ဦးတည်ဖော်ဆောင်သွားမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတသစ်က ၄င်း၏ပထမဆုံးမိန့်ခွန်းတွင် ကတိပေးပြောကြားခဲ့သည်။ Photo-Facebook

## သီလွှာ သာသနာ စိန့် ဂျွန်ပေါလ် ၂ ဓမ္မာရုံဖွင့်ပွဲ နှင့် ခရစ္စမတ်အားပေးခြင်းခံယူပွဲ

ပုသိမ်ဂိုဏ်းအုပ်သာသနာ အဖဆရာတော် ဂျွန်မန်းဆိန်းဟ်ိုသည် သိုးထိန်းခရီးစဉ်ဖြစ်သော သီလွှာသာသနာသို့ မတ်လ ၂၁ ရက်နေ့ နေ့လည် ၁၂ နာရီတွင် ကြွရောက်ပြီး သီလွှာသာသနာ ဘာသာဝင်များက လှိုက်လှဲပြုံရွှင်စွာ ကြိုဆို ကြပါသည်။

အဖဆရာတော် ဘုရားသည် မတ်လ ၂၂ ရက်နေ့ နံနက် ၈ နာရီတွင် စိန်ဂျွန်ပေါလ် ၂ ဓမ္မာရုံကို ကောင်းချီးပေး ဖွင့်လှစ်ပြီး မစ္ဆား တရားကို ရဟန်းတော်များ ၁၀ ပါးခြံရံလျက် တင်ပူဇော်ကာ ဤ မစ္ဆား အတွင်းတွင် ခရစ္စမတ်အားပေးခြင်းခံယူကြမည့် သီလွှာသာသနာမှ ဘာသာသူသားသမီး ၃၁ယောက်အား ခရစ္စမတ်အားပေးခြင်းကိုပေးခဲ့ပါသည်။

မစ္ဆားအပြီးတွင် ခရစ္စမတ်အား ပေး ခြင်းခံယူကြသော သူများနှင့် အမှတ်တရမှတ်တမ်းတင် ဓာတ်ပုံ ရိုက်ခဲ့ကြပါသည်။

PATHEIN OSC



## စိန့်မေရီ ( မြွေဟောက်ချောင်း) သာသနာတည် နှစ် ၄၀ ပြည့်နှင့် ကျောင်းထိုင်ဘုန်းတော်ကြီး Fr. Gilbert ၏ ငွေစင်ဂျူဘီလီ ပွဲ




ပုသိမ်ဂိုဏ်းအုပ်သာသနာအပိုင် မြောင်းမြဖုံအတွင်းရှိစိန့်မေရီ(မြွေဟောက်ချောင်း) သာသနာသည် မတ်လ၂၁ ၊ ၂၀၁၈ ခုနှစ်တွင် သာသနာတည်ထောင်သည့်နှစ် ၄၀ ပြည့် ပတ္တမြား ဂျူဘီလီပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။ ဤပွဲကို ပုသိမ်ဂိုဏ်းအုပ်သာသနာမှ အဖဆရာတော်ဘုရားနှင့် ရန်ကုန်ဂိုဏ်းချုပ်သာသနာမှ ဆရာတော် ဂျွန်စောယောဟန် ကြွရောက်ပြီး အားပေးပါဝင်ခဲ့ပါသည်။

အဖဆရာတော် နှစ်ပါးသည် မတ်လ၂၀ ရက်နေ့ ညနေ ၅ နာရီတွင် စိန့်မေရီသာသနာသို့ကြွရောက်ပြီး ဘာသာသူများက လှိုက်လှဲ စွာကြိုဆိုကြပါသည်။ ညနေ ၆ နာရီတွင် သာသနာတည်နှစ် ၄၀ ပတ္တမြား ဂျူဘီလီ မစ္ဆားကို ပူဇော်ကြပြီး ည ၈ နာရီတွင် ဂုဏ်ပြု အကပဒေသာများအားဖြင့် ဆရာတော်များအား ဂုဏ် ပြုကြပါသည်။

မတ်လ ၂၁ ရက်နေ့တွင် စိန့်မေရီသာသနာမှ ကျောင်းထိုင်ဘုန်းတော်ကြီး၏ ရဟန်းဝါတော် ၂၅ ဝါ ငွေစင်ဂျူဘီလီ မစ္ဆားကို နံနက် ၇ နာရီတွင် ကျောင်းထိုင်ဘုန်းတော်ကြီးမှ ဆရာတော်နှစ်ပါး၊ ရဟန်းတော်များ ၂၂ ပါးခြံရံကာ တင်ပူဇော်ခဲ့ပါသည်။ မစ္ဆားအပြီးတွင် ဆရာတော်နှစ်ပါးမှ ငွေစင်ဂျူဘီလီရှင်အား လက်ဆောင် ပစ္စည်းပေးအပ်ကာ အမှတ်တရမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြပါသည်။

PATHEIN OSC

Fake news is a sign of intolerant and hypersensitive attitudes, and leads only to the spread of arrogance and hatred. That is the end result of untruth.

**Pope Francis World Day of Communications, 2018**

သတင်းအမှားတွေဆိုတာ ဥပေက္ခာမပြုနိုင်ခြင်းနဲ့ မြင့်မားဆုံးသော ထိခိုက်လွယ်ခြင်းတို့ရဲ့ သင်္ကေတတွေဖြစ်ပြီး မောက်မာခြင်းကို ပျံ့နှံ့ဖို့သာ ဖြစ်စေတယ်. အဲဒါက မမှန်ခြင်းရဲ့ နောက်ဆုံး ရလဒ်ပါ

# မာဟာင်ဂွဲ မယ်တော်ပွဲ




ကျိုင်းတုံ ကက်သလစ်သာသနာ၏ဘုရားဖူးရန် မာဟာင်ဂွဲ ဆုတောင်းပြည့်မယ်တော်ပွဲတော်ကို မတ်လ ၂၂ရက် မှ ၂၄ ရက်အထိ (၄) ရက်တာ ကျင်းပခဲ့သည်။

ပွဲတော်ပထမနေ့တွင် မယ်တော်ကို သဒ္ဓါကြည်ညိုကြသော ချစ်သား သမီးများသည် မယ်တော် အလံတော်ကို လွှင့်ထူကာ နိုဗီနာကို အစပြုခဲ့သည်။

မတ်လ ၂၄ ရက် ပွဲ တော်နေ့ နံနက်တွင် သိကြားမင်းက မယ် တော်သခင်မအား အမိန့်တော်ပြန်သောပွဲနေ့ မစ္ဆားကို ကျိုင်းတုံ ကက်သလစ် သာသ နာ ပိုင် ဆရာတော်ကြီး ပီတာလွီးစ် အမှူးပြုလျက် မစ္ဆားတရားတော်မြတ် ကို တင်ပူဇော် ခဲ့သည်။

ထိုမစ္ဆားတရားတော်မြတ် အတွင်းတွင် ဘာသာရေးဆိုင်ရာ ဒဿနိက ပညာရပ်ကို တက်လှမ်း သင်ယူမည့် ရဟန်းလောင်း ကျောင်းသား ကိုရင် ပေတရု ကို ကိုရင်အဖြစ် ဝတ်စုံအပ်နှင်း ကောင်းချီးပေးခဲ့သည်။ သူသည် ကျိုင်းတုံမြို့၊ ကွမ်တောင် သာသနာ အုပ်စု ကာတောင်ရွာမှ ဖြစ်သည်။

ပွဲတော် မစ္ဆားတွင် မာဟာင်ဂွဲမယ်တော်ပွဲ တာဝန်ခံ ဘုန်းတော်ကြီးဖာသာရ် ဘောစကိုမှ ပွဲတော်ဖြစ်မြောက်ရေးအတွက် အဖဘုရားသခင်အား ကျေးဇူးတင်ခြင်းနှင့် အတူ တရားဒေသနာ ဟောကြားပေးသော အဖဆရာတော် ဘုရားများ၊ ရဟန်းဘုန်းတော်ကြီးများ၊ အဖက်ဖက်မှ သဒ္ဓါရက်ရောစွာဖြင့် အလှူဒါနပြုကြသော ရပ်နီးရပ်ဝေးမှ ကျေးဇူးရှင်များ၊ ဆုတောင်းမှုနှင့် လုပ်အားဖြင့် ကူညီပံ့ပိုးပေးကြသော ဘာသာသူ မမွမိတ်ဆွေများကို အထူး ကျေးဇူး တင်ရှိကြောင်း ပြောကြားခဲ့သည်။

ပွဲတော် မစ္ဆား အဆုံးမသတ်ခင် ကက်သလစ်လူငယ် ဘင်ခရာအဖွဲ့မှ မယ်တော်သီချင်း သီကျူး၍ မယ်တော်အလံကို အလံတိုင်ပေါ် မှချ၍ မာဟာင်ဂွဲ မယ်တော်ပွဲတော်အောင်မြင်စွာ ဖြင့်ပြီးဆုံးခဲ့ပါသည်။

ရှဲ့စ် SDP

# နှစ်(၃၀) ပြည့် ဇေ၀ီဧလီစေတမန် အသင်းအဖွဲ့၏ လုပ်ငန်း ပြန်လည်သုံးသပ်ခြင်း နှင့် အလုပ်ရုံ ဆွေးနွေးပွဲ ပြုလုပ်ခြင်း

ဇေ၀ီဧလီစေတမန်အသင်းအဖွဲ့၏ လုပ်ဆောင်လျက်ရှိသော လုပ်ငန်း အ၀၀အား ပြန်လည်သုံးသပ်ရေး အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို မတ်လ (၉) ရက် နှင့် (၁၀) ရက်တို့က လွိုင်ကော်စေတမန်ဗဟိုတွင် ကျင်းပခဲ့သည်။

လွိုင်ကော်ကက်သလစ်သာသနာပိုင် ဆရာတော်ကြီး စတီးဖင်းတျေးဖဲ၏ လမ်းညွှန်ချက်အရ ထိုနှစ်ရက်တာ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့ခြင်းဖြစ်ပြီး ပထမနေ့အစီအစဉ်ကို နံနက် ၉ နာရီခွဲအချိန်တွင် ဘုန်းတော်ကြီးဘရွှေမှ အဖွင့်ဆုတောင်းမေတ္တာဖြင့် အစပြုဖွင့်လှစ်ခဲ့သည်။ ထို့နောက် ဘုန်းတော်ကြီး ပေါလ်တင်ရယ်မှ ကြိုဆိုနှုတ်ဆက် အမှာစကား ပြောကြားကာ စစ္စတာရဲ ခရစ်တင်းရွှေမှ စေတမန်အသင်း ဖြစ်ပေါ်လာပုံသမိုင်းနှင့် လှုပ်ရှားမှုဆောင်ရွက်မှုများအကြောင်း၊ စစ္စတာရဲအဆွန်းတာမှ စေတမန်လုပ်ရှားမှု အလယ်ပိုင်းနှင့် အကူးအပြောင်းကာလအကြောင်း အသီးသီးဝေမျှပေးခဲ့ကြသည်။


ထို့နောက် ပထမနေ့ အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက် ကျင်းပခဲ့ကြပြီး စစ္စတာရဲ မာရ်ကီးနာက စေတမန်များ၏ လက်ရှိအခြေအနေများနှင့် တွေ့ကြုံရင်ဆိုင်ရသော အားသာချက်၊ အားနည်းချက်များ၊ စိန်ခေါ်မှုများ၊ လက်ရှိစေတမန်ဦးရေ၊ မူကြိုကျောင်းဦးရေနှင့် မူကြိုကလေးများဦးရေ စာရင်းများ ဆွေးနွေးတင်ပြခဲ့ကာ စကာဝါလူမှုအဖွဲ့ အစည်းမှ ဆရာမဒေါ် သန္တာဆွေက နှစ်(၃၀)အတွင်း လုပ်ဆောင်ချက်အောင်မြင်မှု ခုနှစ်အလိုက် အုပ်စုခွဲပြီး ပြန်လည်သုံးသပ်စေခဲ့ခြင်းတို့ဖြင့် တစ်နေ့တာ ဆွေးနွေးမှု ပြီးဆုံးခဲ့သည်။

ဆွေးနွေးပွဲ ဒုတိယနေ့တွင် ဆရာတော်ကြီး ဆိုတေးရိုဖားမောမှ စေတမန် တည်ထောင်ခြင်း၏ မူလရည်ရွယ်ချက်များကို ပြန်လည်ဝေငှခဲ့ပြီး အသင်း၏ မူလ ရည်ရွယ်ချက် မပျောက်ပျက်အောင် နည်းလမ်းသစ် ဖြင့် ဆက်လက် အကောင်အထည်ဖော်ကြရန် လမ်းညွှန် မှာကြားခဲ့သည်။ ဆရာတော်ကြီး စတီးဖင်းတျေးဖဲမှ စေတမန်များ၏ လုပ်ဆောင်မှုများကို အသိအမှတ်ပြုပေးပြီး ရေရှည် တည်တံ့ရန် အတွက် အားလုံး ဝိုင်းဝန်း ကူညီပေးကြပါရန် ထပ်ဆင့် ညွှန်ကြားခဲ့သည်။



ထို့နောက် ဆရာမဒေါ်သန္တာဆွေမှ ဦးဆောင်ကာ အဖွဲ့(၅)ဖွဲ့ခွဲပြီး အဖွဲ့၏ မူလ ရည်ရွယ်ချက်နှင့် ယခုလက်ရှိ လုပ်ငန်းများ ဆီလျော်မှု၊ ထိရောက် အောင်မြင်မှု၊ အကျိုး ရှိစွာ အသုံးချမှု၊ အကျိုးသက်ရောက်မှု နှင့် ရေရှည်တည်တံ့မှုများ စသည့် ခေါင်းစဉ်(၅)ခုဖြင့် အသီးသီး ဆွေးနွေးစေခဲ့သည်။

မွန်းလွဲပိုင်းတွင် စေတမန် အဖွဲ့ အစည်း ရေရှည် တည်တံ့သော အဖွဲ့အစည်း တစ်ခုဖြစ်ရန်အတွက် ဆက်လက် ဆွေးနွေးခြင်း၊ နှစ်ရက်တာ ဆွေးနွေးမှုများကို ပြန်လည် သုံးသပ်ခြင်းတို့ဖြင့် ဘုရားသခင်၌ အမှုတော်မြတ် အပ်နှံကာ အစီအစဉ်ကို အောင်မြင်စွာ အဆုံးသတ်ခဲ့ပါသည်။



# ပုသိမ်ဂိုဏ်းအုပ် ဆရာတော်ပိုင် ဖောင်းတန်းသာသနာ တည်ထောင်ခြင်း နှစ် ၁၅၀ ဂျူဘီလီ



ပုသိမ်ဂိုဏ်းအုပ်သာသနာ ဖောင်းတန်းတွင် သာသနာ တည်ခြင်း နှစ် ၁၅၀ ပြည့် ဂျူဘီလီပွဲတော်ကို ၂၀၁၈ ခုနှစ် ဧပြီလ ၃ ရက်နှင့် ၄ ရက်များတွင် ကျင်းပပြုလုပ်ခဲ့သည်။

ဂျူဘီလီ ပွဲတော် အစီအစဉ်များတွင် အထိမ်း အမှတ် ကျောက်တိုင်အား ကောင်းကြီးပေးခြင်း၊ ကိုယ်တော်မြတ် ကျောင်းဆောင်သစ်ဖွင့်လှစ်ခြင်းတို့လည်း ပါဝင်ခဲ့သည်။ ဧပြီလ ၄ ရက်နေ့တွင် ဂျူဘီလီနှင့်အတူ ရဟန်းသိက္ခာတင်ခြင်းကိုလည်း ကျင်းပခဲ့သည်။

ဂျူဘီလီပွဲတော်နှင့် ရဟန်းသိက္ခာတင်ခြင်း အခမ်းအနားများကို ပုသိမ် ဂိုဏ်းအုပ်ဆရာတော် ဂျွန် မန်းဆိန်း ဟိုက ဦးဆောင် ပြုလုပ်ကျင်းပခဲ့သည်။



## ဖောင်းတန်းသာသနာ၏ ရာဇဝင် အကျဉ်း

ဘုန်းတော်ကြီး JEAN BOPTISTEBRINGAUD သည်၊ (၁၃၈၇)ခုနှစ် USSELS IN CORREZEတွင် ဖွားမြင်ခဲ့ပြီး၊ (၁၈၆၃) ခုနှစ် မေလ (၃၀)ရက်နေ့တွင် ရဟန်းသိက္ခာခံယူခဲ့ပြီး (၁၈၆၄)ခုနှစ် ဇန်နဝါရီလ (၂၁) ရက်နေ့တွင်၊ မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့သည်။ (၁၈၆၇) ခုနှစ် နိုဝင်ဘာလ (၈) ရက်နေ့၌မေတ္တာကုန်းတွင် သာသနာပြုရန် စတင်၍ စေလွှတ်ခြင်းခံရသည်။ ဘုန်းတော်ကြီးသည်မေတ္တာကုန်းတွင် အစိုးရထံမှ သာသနာမြေ (၇) ဧကအလှူခံကာ (၁၈၆၈) ခုနှစ်တွင် လက်ရှိဘုရားကျောင်းနေရာ၌ဝါးဖြင့်ပြုလုပ်သော ယာယီဘုရားကျောင်းဆောင်ကို ဆောက်လုပ်ခဲ့သည်။ ထို့နောက် (၁၈၆၉) ခုနှစ်တွင် သစ်သားဖြင့်ပြုလုပ်သော ယောက်ျားလေးဘော်ဒါဆောင်နှင့်အတူ မိန်းကလေးဘော်ဒါဆောင် ကိုလည်းဆောက်လုပ်ခဲ့သည်။(၁၈၇၄) ခုနှစ်တွင် (S. F. X )သီလရှင်ကျောင်းကို ထပ်မံ၍ဆောက်လုပ်ခဲ့သည်။ ထိုအချိန်တွင် ဘုန်းတော်ကြီးသည် ဓမ္မဆရာကြီး ဦးဖိုးစိန်နှင့် ဓမ္မဆရာ အငယ်တို့နှင့် အတူ သာသနာပြုလုပ်ငန်းကို စတင်၍ လုပ်ဆောင်ခဲ့သည်။ ထိုအချိန်၌ ဗဟိုတွင် ဘာသာတူ လူဦးရေပေါင်း (၁၂၀၀)ခန့်သာ ရှိခဲ့သည်။ ဘုန်းတော်ကြီးသည်၊ မေတ္တာကုန်းတွင် သူ၏တမန်တော်လုပ်ငန်း (၃၆)နှစ်တာအတွင်း တောင်ဘက်အရပ်၌ ဂမ္ဘီနှင့် လက်သမားသာသနာကို လည်းကောင်း၊ မြောက်ဘက်အရပ်၌ရေနံတောင်နှင့် ဆင်လူးသာသနာကို လည်းကောင်း သာသနာ ဖွင့်လှစ်နိုင်ခဲ့သည်။ ဘုန်းတော်ကြီး၏ လုပ်ဆောင်မှုအသီးအပွင့်အဖြစ် (၁၉၀၄) ခုနှစ်တွင် ဘာသာတူဦးရေပေါင်း (၆၀၀၀) ခန့်ရှိကြောင်းနှင့် သူစေလွှတ်ခြင်းခံရသောမေတ္တာကုန်းတွင်ပင် ဘာသာတူလူဦးရေပေါင်း (၃၀၀၀) ခန့်ရှိကြောင်း မှတ်တမ်းအရသိရှိရသည်။ ဘုန်းတော်ကြီးသည် (၁၉၀၄) ခုနှစ်တွင် ဖောင်းတန်း၌ပင် ပျံလွန်သွားခဲ့ပါသည်။

(၁၈၆၈) ခုနှစ်မှ သာသနာအစပြုပြီး (၁၉၄၈) ခုနှစ်အထိ ဘုန်းတော်ကြီးများ အစဉ်အဆက်မပြတ် သာသနာပြုခဲ့ကြသည်။ သို့သော် (၁၉၄၉) ခုနှစ်တွင် ရောင်စုံသောင်းကျန်းသူများကြောင့် ဘုန်းတော်ကြီးကျောင်းနှင့်အတူ သီလရှင်ကျောင်းဘော်ဒါဆောင်များနှင့် အခြားအဆောက်ဦးများ မီးရှို့ ဖျက်ဆီးခြင်းခံခဲ့ရသည်။ (၁၉၄၉) ခုနှစ်၌ပင် မြန်မာပြည်ဖွားဖောင်းတန်းရွာမှ ဘုန်းတော်ကြီးနာဇရက်သည် သာသနာတော်အတွက် အသက်စွန့် သာသနာပြုခဲ့ရသည်။ ထို့ကြောင့် (၁၉၄၉) ခုနှစ်မှ (၁၉၅၉) ခုနှစ် အထိသဲဖြူသာသနာမှ နိုင်ငံခြား၊ သာသနာပြုဘုန်းတော်ကြီး ဒီဘရိုမင်းသည် ဖောင်းတန်းသာသနာကို တာဝန်ယူကြည့်ရှုခဲ့ရသည်။ (၁၉၅၉) ခုနှစ်တွင် ဖောင်းတန်းသာသနာ ပြန်လည်အစပြုရန် ပြင်သစ်သာသနာပြု ဘုန်းတော်ကြီး P. ဒေရီးဘန်းသည် ဖောင်းတန်းသာသနာကျောင်းထိုင်ဘုန်းတော်ကြီးအဖြစ် တာဝန်ယူ ကြည့်ရှုကာ (၁၉၉၆) ခုနှစ်တွင် မြန်မာပြည်မှ ပြန်လည်ထွက်ခွာသွားခဲ့ပါသည်။ ဘုန်းတော်ကြီးသည် ၂၀၁၈ ဖေဖော်ဝါရီ ၁၄ ရက်နေ့တွင် ပျံလွန်သွားခဲ့ပါသည်။


ဖောင်းတန်းသာသနာကို ဆက်လက်ပြီး (၁၉၉၆) ခုနှစ်မှ (၁၉၇၅)ခုနှစ်အထိဘုန်းတော်ကြီး JOHN SAW LOO LU (၁၉၇၅)ခုနှစ်မှ (၁၉၈၃)ခုနှစ်အထိ ဘုန်းတော်ကြီး ALEXIS GARFIELD၊ (၁၉၈၃)ခုနှစ်မှ (၁၉၈၆)ခုနှစ်အထိ ဘုန်းတော်ကြီးCALLISTUS EH MWEE၊ (၁၉၈၆)ခုနှစ်မှ (၁၉၉၇) ခုနှစ်အထိဘုန်းတော်ကြီး JOSEPH SOE LWIN တို့မှ သာသနာပြုခဲ့ကြပြီး ယခုလက်ရှိမှာ ဘုန်းတော်ကြီးဖီးလစ်စိုးဝင်းမှ ကျောင်းထိုင်ဘုန်းတော်ကြီးအဖြစ်နှင့် ဘုန်းတော်ကြီး အဲလ်ဘက်အောင်နိုင်မှ တွဲဘက်ကျောင်းထိုင်အဖြစ် ဆက်လက်သာသနာပြုလျှက်ရှိပါသည်။

သာသနာတည်နှစ် ၁၅၀ ဂျူဘီလီအတွင်းဘုန်း



တော်ကြီးစုစုပေါင်း (၁၀)ပါးနှင့်အတူ (S.F.X) BROTHERS (၃)ပါး၊ (S.F.X)သီလရှင်စုစုပေါင်း (၁၅)ပါးတို့အားသာသနာ အသီးအပွင့်အဖြစ် မွေးထုတ်ပေးနိုင်ခဲ့ပါသည်။

ပုသိမ်ဂိုဏ်းအုပ်သာသာနာပိုင် ဖောင်းတန်းသာသနာ



# "ဝါတွင်းကာလ ခရစ်တော်၏ ကားတိုင်လမ်း" ကာဝါရီတောင်တက်ပွဲ



နှစ်စဉ်နှစ်တိုင်း ကျင်းပလေ့ရှိသော "ဂါတွင်းကာလ ခရစ်တော်သခင်၏ ကားတိုင်လမ်း  တောင်တက်ပွဲကြီးကို သိမ်ဆိပ်သာသနာ ဘုရင်ဂျီကုန်းရွာတွင် ၂၀၁၈ ခုနှစ် ဧပြီလ ၂၂ ရက်မှ ၂၄ ရက်အထိ ကျင်းပခဲ့သည်။

ဧပြီလ ၂၂ ရက် ကြာသပတေးနေ့ ညနေ (၅း၀၀) ချိန်တွင် ဆီဖန်ဆင်းခြင်း မစ္ဆား တရားတော်မြတ်ကို ဖားအံ ဂိုဏ်းအုပ် ဆရာတော် ဂျက်စတင်း စောမင်းသိုက် နှင့်အတူ ရဟန်းအပါး (၃၀) ကျော်ဖြင့် မစ္ဆားပူဇော်ခဲ့သည်။ ထိုမစ္ဆားတရားတော်မြတ်တွင် အဖဆ ရာတော်ကြီးမှ ရဟန်းများသည် လူများကို ဘုရားဆီပို့ရန် နှင့်ဘုရားကို လူတွေဆီ ပို့ပေးသော သူများ ဖြစ်သောကြောင့် ဘုရား၏ သားတော် အစစ်မှန်များ ဖြစ်သော ရဟန်းများကို ဘာသာ သူများမှ အားပေးကြရန် ဩဝါဒ မိန့်ကြားခဲ့သည်။

ည(၈း၀၀) ချိန်တွင် Fr- ဂီလျှံ နှင့် Fr မင်းကိုတို့ မှ တရား စမ်းရေအေးကို ဘုရားဖူး ဘာသာသူများအား တိုက်ကျွေး ဟောပြောခဲ့သည်။

ဧပြီလ ၂၃ ရက် သောကြာနေ့ နံနက် ခရစ္စတူးတောင်တက်ခြင်းနှင့် တော်ပေါ်တွင် မိစ္ဆားတရားတော်မြတ် ပူဇော်ခြင်းကို မနက် (၇း၀၀)တွင် ကရင်ဘာသာဖြင့်လည်းကောင်း၊ မနက်(၁၀း၀၀)ချိန်တွင် တမီလ်ဘာသာဖြင့်လည်းကောင်း၊ ညနေ(၃း၀၀)ချိန်တွင် မြန်မာ ဘာသာဖြင့်လည်းကောင်း ကျင်းပကြသည်။

ညနေ (၃း၀၀) မိစ္ဆားတရားတော်မြတ်၌ ဆရာတော်ကြီးမှ ဝါတွင်းကာလသည် နောင်တတရားနှင့် ပြန်လာရမည့် ချိန်ဖြစ်ကြောင်းနှင့် ဝါတွင်းကာလဝါတွင်း ကားတိုင်လမ်း သည် ဒုက္ခလမ်းဖြစ်သောကြောင့် နာကြင်မှုတွေ ခံစားရသလို ကြင်နာမှုတွေပါ ခံစားရမည်။ သို့ပေမယ့် နာကြင်မှုတွေ ခံစားပြီးတိုင်း ကြင်နာမှုတွေ ရလိမ့်မည်ဟု မမျှော်မှန်းပါနှင့် ကား တိုင်လမ်းဖြစ်သောကြောင့် နာကြင်မှုတွေ များစွာ ကြုံနိုင်မည် ဖြစ်ကြောင်း ဩဝါဒ မိန့်ခဲ့သည်။

ဧပြီလ ၂၄ ရက် စနေနေ့ မနက်(၆း၃၀)ချိန်တွင် ရဟန်းများ စုပေါင်း၍ ကျေးရူးတင် မစ္ဆားတော်မြတ် ပူဇော်ကာ ခရစ္စတူး တောင်တက်ပွဲကြီးကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။

ဤတောင်တက်ပွဲကြီးကို ဘုန်းတော်ကြီး အပါး(၅၀)ကျော်နှင့် သီလရှင် အပါး (၅၀)ကျော်၊ ဘုရားဖူး ဘာသာသူပေါင်း (၅၀၀၀)ကျော် ပါဝင်ခဲ့သည်။ ခရစ္စတူး တောင် တက်ပွဲကြီးကို သိမ်ဆိပ် ဘုရင်ဂျီကုန်း ကျောင်းတိုင်ဘုန်းတော်ကြီးနှင့် သီလရှင်များ၊ ရွာသူ ရွာသားများနှင့် လူငယ်များစုပေါင်းကာ ဘုရားဖူး ဧည့်သည်များ အစဉ်ပြေစေရေးတွက် ကြိုးပမ်းကာ ခရစ္စတူးတောင်တက်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့သည်။

Pha An - OSC



# စကောကရင်စကားဖြင့် လူငယ်သင်တန်းကျင်းပခြင်း



မြန်မာစကား မတတ်သော ကရင်လူငယ်များတွက် ရည်ရွယ်၍ ဖာပွန်မြို့၌ ကျင်းပသော လူငယ်သင်တန်းကို ကရင်လူငယ်ပေါင်း(၃၇၀)ကျော်တက်ရောက်ခဲ့သည်။

ဤသင်တန်းကို လူငယ်တာဝန်ခံ ဘုန်းတော်ကြီးFr နေဇော်ဦး နှင့် Fr ညက်ထူး တို့မှ ဦးဆောင်စီစဉ်ခဲ့ခြင်း ဖြစ်သည်။

၂၀၁၈ ခုနှစ် ဧပြီလ ၂၆ မှ ၂၉ ရက်အထိ ကြာကျင်းပသော ဤသင်တန်းကို Fr- ညက်ထူး၊ Fr- အဲကော်ထူး၊ Fr- ဖါးဝါး ၊Fr- ကြာထူး၊ Fr- ဩဂုတ်စတင်း နှင့် Sr- ရှိလင်းဒါ တို့မှ သင်တန်းသားများအား Youth, Cultuer and Evangelization, Youth and Moral living, Youth and Sacraments of the Catholic  Church, Youth and Social media တို့ကို ပို့ချပေးခဲ့သည်။ NCYC မှ မအိမွန်နှင့် ကိုဝေလင်း တို့မှလည်း အားဖြည့် ပါဝင် ကူညီပေးခဲ့သည်။

မတ်လ ၂၅ ရက် ညနေပိုင်း ၇း၀၀ နာရီ အချိန်တွင် လူငယ်များမှ ဖားအံ ဆရာတော်ကြီး ဂျက်စတင်း စောမင်းသိုက်အား မွေးနေ့ နတ်ဆက်ခြင်းကို ကျင်းပကြသည်။ ဆရာတော်ကြီးမှ လူငယ်များအား လူငယ်တွေက ပညာတက်ရမည်၊ ပညာဆိုသည်မှာ နှလုံး သားကလာတဲ့ ပညာနှင့် ဦးနှောက်ကလာတဲ့ ပညာဖြစ်တယ်။ ယနေ့ တိုးတက်နေတဲ့ ခေတ်မှာ လူငယ်များဟာ အတန်းပညာ တက်ဖို့ရန်လိုပြီး၊ ကိုယ်ကျင့်တရား ကောင်းမွန်ရန် အတွက် နှလုံးသားနဲ့ သင်ကြားရတဲ့ အသိပညာလည်း လိုအပ်ကြောင်း၊ အတန်းပညာပဲ တတ်ထားပြီး ကိုယ်ကျင့်တရား မကောင်းခဲ့လျှင် လူတော်လူကောင်းများ ဖြစ်မည် မဟုတ်ကြောင်း လူငယ်များအား ဩဝါဒ မိန့်ကြားခဲ့သည်။

မတ်လ ၂၆ ရက်နေ့ နံနက် ၆း၀၀ နာရီတွင် ဆရာတော်ကြီးနှင့် ဘုန်းတော်ကြီးများမှ ကရင်ဘာသာဖြင့် မိစ္ဆားတရားတော်မြတ် ပူဇော်ကာ သင်တန်းကို ၈း၃၀ ချိန်တွင် စတင်ပြီး ဆရာတော် ဂျက်စတင်း စောမင်းသိုက်မှ အဖွင့်အမှာစကား မိန့်ကြားပေးခဲ့သည်။ သင်တန်း၏ ညနေပိုင်းတိုင်းတွင်လည်း အဖွဲ့လိုက်အားကစားများ ယှဉ်ပြိုင်ပေးခြင်းနှင့် ညပိုင်းတွင် အဖွဲ့ လိုက် ဖျော်ဖြေမှုများကို ယှဉ်ပြိုင်ပေးခြင်းများကိုလည်း ပြုလုပ်ကျင်းပ ခဲ့သည်။

မတ်လ ၃၀ ရက်နေ့ နံနက်တွင် ကျေးဇူးတင် မိစ္ဆားပူဇော်ပြီး သင်တန်း သားများအား သင်တန်းဆင်း လက်မှတ်ပေးခြင်းနှင့် မှတ်တမ်းတင် ဓါတ်ပုံများရိုက်ကာ သင်တန်းကို အောင်မြင်စွာကျင်းပခဲ့သည်။



# ပီးမေ သာသနာပြုများ မြန်မာပြည် ရောက်ရှိခြင်းနှစ် ၁၅၀ ပြည့် မဟာဂျူဘီလီ



တောင်ငူသာသနာ လိပ်သိုမြို့၌ မြန်မာနိုင်ငံတော်တွင် ပီးမေ သာသနာပြုများ ရောက်ရှိခြင်းနှစ် ၁၅၀ ပြည့် မဟာဂျူဘလီ ပွဲတော်ကို ၂၀၁၈ ခုနှစ် ဧပြီလ ၇ -၈ ရက်များ တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

ဧပြီလ ၇ ရက် ညနေ ၃း၀၀ နာရီတွင် လိပ်သို ကျောင်းကုန်းကျေးရွာသို့ ဂျူဘီလီ မှတ်တိုင်ကောင်းကြီးပေးခြင်းမှာ ကာဒီနယ် ချားလ်စ်ဘို ၊ တောင်ငူဂိုဏ်းအုပ် ဆရာတော် အိုက်ဇက်ဓနေ နှင့် ပီးမေ သာသနာပြု ဂိုဏ်းအကြီးအကဲ Rev. Fr. Ferrucio Brambilasca တို့မှ ကောင်းကြီးပေး ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပါသည်။

ဆက်လက်ပြီး မွမ်းမံထားသော ပီးမေ အောက်မေ့ဘွယ် သချိုင်းကို ကောင်းကြီး ပေးခြင်းနှင့် မစ္ဆားတရား တော်မြတ်ကို တင်ပူဇော်ပေးခဲ့ကြပြီး ကိုယ်တော်မြတ်ဖြင့် လိပ်သိုမြို့သို့ စီတန်းလှည့်လည် ကာ လိပ်သိုမြို့တွင်ရှိသော ကိုယ်တော်မြတ် ဗိမ္ဗာန်တော် ဆောင်သစ်ကို ကောင်းကြီးပေးပြီး ပင့်ဆောင်လာသော ကိုယ်တော်မြတ်ကို ထားရှိခဲ့ပါသည်။

ည ၇ နာရီ တွင် သာသနာနှင့် တိုက်နယ် အသီးသီးရှိ ရိုးရာယဉ်ကျေးမှု အကပဒေသာ များဖြင့် ဖျော်ဖြေ တင်ဆက်ခဲ့ကြ ပါသည်။

ဧပြီလ ၈ ရက် တနင်္ဂနွေ နေ့တွင် မဟာ ဂျူဗလီကျေးဇူးတင် မစ္ဆားတရားတော်မြတ်နှင့် ရဟန်းသိက္ခာတော် တင်ခြင်းကို ပီးမေ လေဟာပြင် စင်မြင့်တွင်ကျင်းပပြုလုပ်ရာ ဒီကင် အိုက်ဇက် ရွှေဦး (ငုက်ပျောတော တိုက်နယ်)၊ ဒီကင် ဂျွန်ပေါလ် (သောက်ရေခပ်တိုက်နယ်)၊ ဒီကင် မောရစ်နေနေ (သံတောင်တိုက်နယ်) နှင့် ဒီကင် ဆယ်ဘာစတီယာန် တင်ဝင်းလင်း (မိုင်းလွန်တိုက်နယ်) တို့အား တောင်ငူ ဂိုဏ်းအုပ်ဆရာတော် အိုက်ဇက်ဓာနလက်တော်မှ ထာဝရ ရဟန်းသိက္ခာတင်ပေးခဲ့ပါသည်။

ကာဒီနယ် ချားလ်စ်ဘို မှ ပုပ်ရဟန်းမင်းကြီး၏ နှစ် ၁၅၀ ပြည့် ဂျူဗလီ သဝဏ်လွှာကို အီတလီ၊ အင်္ဂလိပ်ဘာသာဖြင့် ဖတ်ကြားပေးပြီး မွန်ဆီညော် Basilio Soe Lin Aung မှ မြန်မာဘာသာဖြင့် ပြန်လည် ဖတ်ကြားပေးခဲ့ပါသည်။ မစ္ဆားတရားတော်မြတ် ဩဝါဒကို တောင်ကြီး ဂိုဏ်းချုပ်ဆရာတော် Basilio အားသိုက် မှ ဂျူဗလီ သတင်းကောင်းဖြင့် ပီးမေ သာသနာပြုများ ရောက်ရှိလာခြင်း နှင့် မြန်မာပြည် အရှေ့ခြမ်းတွင် သာသနာပြုခြင်း သမိုင်းများကို ဝေမျှပေးခဲ့ပါသည်။ ပီးမေ သာသနာပြုများ၏ စွန့်လွှတ် အနစ်နာခံခြင်းကြောင့် မြန်မာပြည်တွင် ပထမဦးဆုံးသော ဓမ္မအာဇာနည် သူတော်မြတ်များဖြစ်ကြသော Fr. Mario ဗင်ဂါးရာ နှင့် ဓမ္မဆရာ Isidoro ငိန်းကိုလတ် တို့သည် တောင်ငူ သာသနာတွင် ပေါ်ထွန်းခဲ့ကြောင်း ဆက်လက် ဝေမျှပေးခဲ့ပါသည်။

ပီးမေ သာသနာပြု ဂိုဏ်းအကြီးအကဲ Rev. Fr. Ferrucio Brambilasca မှ ဂျူဗလီ သဝဏ်လွှာကို မိမိကိုယ်တိုင် ဖတ်ကြားခဲ့ပါသည်။ ဂျူဗလီ ပွဲတော် တွင် ကာဒီနယ် ချားလ်စ်ဘို နှင့် အတူ တောင်ကြီး ဂိုဏ်းချုပ်ဆရာတော် မာတီးယာ ဦးရွှေ နှင့် ဆရာတော် Basilio အားသိုက်၊ မန္တလေး ဂိုဏ်းချုပ်ဆရာတော် Nicholas မန်းထန်၊ ကျိုင်းတုံ ဂိုဏ်းအုပ် ဆရာတော် Peter လွီးစ်၊ လွိုင်ကော် ဂိုဏ်းအုပ်ဆရာတော် Sotero ဖားမော နှင့် ဆရာတော် Stephen တျေးဖဲ၊ ဖယ်ခုံဂိုဏ်းအုပ် ဆရာတော် Peter လတ်၊ ဆရာတော် Abraham သန်း၊ တောင်ငူ ဂိုဏ်းအုပ်ဆရာတော် အိုက်ဇက်ဓာန နှင့် ပီးမေ ရဟန်းတော် (၈) ပါး၊ သာသနာ အသီးသီးမှ ရဟန်းတော်များ (၁၇၀) ပါးတို့မှ မစ္ဆားတရားတော်မြတ်ပါဝင် ပူဇော်ပေးခဲ့ပါသည်။

ဂိုဏ်းအသီးသီးမှ သီလရှင်များ၊ သာသနာအသီးသီးမှ ကိုရင်များ နှင့် ဘုရားဖူးသူတော်စင် (၁၅၀၀၀) ကျော် ပါဝင်တက်ရောက်ခဲ့ပါသည်။

ဒက်ဖူးမယ် (ISR)



# မော်လမြိုင်ဂိုဏ်းအုပ်သာသနာလုံးဆိုင်ရာ အာရှနည်းအာရှဟန်ဖြင့် သာသနာပြုခြင်းသင်တန်းကျင်းပခြင်း

မော်လမြိုင်ဂိုဏ်းအုပ်သာသနာလုံးဆိုင်ရာ အာရှနည်းအာရှဟန်ဖြင့် သာသနာပြုခြင်း သင်တန်းကို ပုလောသာသနာအုပ်စု ကဒဲကျေးရွာတွင် ဧပြီလ ၂၀ ရက်မှ ၂၂ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပါသည်။

ဤသင်တန်းကို မြန်မာနိုင်လုံးဆိုင်ရာ အာစီပါရုံးချုပ်မှ Fabian ဦးမြင့်မောင် နှင့် Daw filicity Dim တို့မှ လာရောက်ပို့ချပေးခဲ့ပါသည်။ မော်လမြိုင်ဂိုဏ်းအုပ်သာသနာလုံးဆိုင်ရာ အာစီပါတာဝန်ခံ Fr. ပီတာမျိုးလွင်နှင့် Fr. ဂျွန်ပက်ပက် တို့မှ ပါဝင် ပူးပေါင်းပို့ချခဲ့ပါသည်။ ၎င်းသင်တန်းကို သာသနာအသီးသီးမှ ကိုယ်စားလှယ် (၄၉) ဦးတက်ရောက်ခဲ့ ကြောင်း သတင်းရရှိခဲ့ပါသည်။





ထိုအာစီပါသင်တန်းကိုလုပ်ဆောင်ရခြင်းမှာ သမ္မာကျမ်းစာကိုအလေးထားပြီး ခရစ်ယာန်အဖွဲ့စုငယ်များ မှ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေး အတွက် ရည်ရွယ်ပြီးပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။

(OSC-MAWLAMYINE)

# တောင်ကြီးကက်သလစ်ဂိုဏ်းချုပ်သာသနာ (၅) နှစ်တာ စီမံကိန်း ကြိုတင်ညှိနှိုင်း အစည်းအဝေးကျင်းပခြင်း



(၅) နှစ်တာ စီမံကိန်း ကြိုတင်ညှိနှိုင်း အစည်းအဝေကို ယနေ့၂၀၁၈ ခုနှစ် ဧပြီလ ၂၆ ရက်နေ့ နံနက် (၈း၃၀) နာရီ အချိန်တွင် အောက်မေ့ဘွယ် လေးထပ်တိုက် ခမ္မရုံ၌ စတင်ကျင်းပခဲ့ပါသည်။ ဘုန်းတော်ကြီး ဖါသာရ် အီညာရှို စိုးရွှေ မှ အဖွင့်ဆုတောင်းမေတ္တာဖြင့် အခမ်းအနားကို စတင်ပါသည်။ ဆက်လက်ပြီး ဂိုဏ်းချုပ် ဆရာတော်ကြီး ဘာစီလျိုအားသိုက်မှ အဖွင့်ဩဝါဒ ပြောကြားခဲ့သည်။

ဆရာတော်ကြီးမှ စီမံကိန်း ရေးဆွဲခြင်းလုပ်ငန်းစဉ်နှင့် စပ်လျဉ်း၍ အားပေးပြောကြားခဲ့သည်။ ယခု ရေးဆွဲမည့် စီမံကိန်းဟာ (၅) နှစ်တာ စီမံကိန်းဖြစ်ပါတယ်။ (၅) နှစ်တာ စီမံကိန်းမှာ ဘာ ဆက်လုပ်နိုင်မလဲ။ ကျွန်တော်တို့ အသက်ရှင်နေသရွေ့ လုပ်ဆောင်ရမယ် ဆိုတဲ့ ခံယူချက် အမြဲစဉ်းစားပါ။ အထူးသဖြင့် ဘာသာရေး လုပ်ဆောင်တဲ့ အချိန်မှာ ကျွန်တော်/ကျွန်မ အသက်ရှင်သရွေ့ ဘာသာတရားအတွက် လုပ်ဆောင်ရမယ် ဆိုတဲ့ ရည်ရွယ်ချက်ကို ထားရှိဖို့ လိုတယ်။ အဲဒါ စီမံဘဏ္ဍာ အဖွဲ့ဝင်တိုင်း ထားရှိရမယ်။ မထားရှိလို့ မဖြစ်တဲ့ အရာ ဖြစ်ရမယ်။ ကျွန်တော်/ကျွန်မ အသက် ရှင်နေသရွေ့ ဘာသာတရား အတွက် ဆက်ကပ်ပါ့မယ် စွန့်လှူပါ့မယ် ပေးဆပ်ပါ့မယ် ဆိုတဲ့ ဆောင်ပုဒ်အဖြစ် သတ်မှတ်ပြီး လုပ်ဆောင် ရပါမယ်။ ကျွန်တော်တို့ ဘာလို့ အဲဒီလိုလုပ်ရသလဲ ဆိုတော့ ကျမ်းစာမှာလည်း ရှိပါတယ်။ ကျမ်းစာက ကျွန်တော်တို့ကို သတိပေးထားတယ်။ လူတစ်ယောက်ဟာ တိုက်တလုံး ဆောက်တော့မယ် ဆိုရင်ဘာလုပ်ရမလဲ။ တွက်ချက်ရမယ်။ ပြီးမှ တဖြည်းဖြည်း အကောင်အထည်ဖေါ်လုပ်ဆောင်ရမယ်။ ရှင်လုကာ (၆း၄၈-၄၉) တိုက်ကို ဆောက်မယ့်သူဟာ ကြိုတင်မစီစဉ်ဘူး Planning ဆိုတာ မရှိရင် သူ့အတွက် ဘာဖြစ်သွားလိမ့်မလဲ။ အရှက်တကွဲ အကျိုးနည်းသွားမယ်။

သာသနာကြီးကို လုပ်ဆောင်မယ် လုပ်ဆောင်မယ်ဆိုပြီးတော့မှ Vision တွေ Mission တွေ ချမှတ်။ Vision ဘဲရှိပြီးတော့ Mission မရှိဘူးဆိုရင်ရမလား။ နောက် (၅)နှစ် ကျွန်တော်တို့ သာသနာအတွက် ဘယ်လိုပြင်ဆင်ချင်သလဲ။ ကျွန်တော်တို့ တောင်ကြီးသာသနာကို ဘယ်လို မြင်ချင်သလဲ။ အော် (၅) နှစ်ကျရင် တောင်ကြီး Cathedral ဆိုရင် အရမ်း တိုးတက်နေပြီ။ Sunday မှာ ဘာသာသူတွေ သိပ်ပြည့်လွန်းလို့ ဘုရားကျောင်းကြီးကိုတောင် အရှေ့ ဖက်ကို တိုးချဲ့ရတယ်။ အဲဒီလောက်ကြီးကို ကျွန်တော်တို့ မြင်ချင်သလား။ ဒါမှမဟုတ် နောက်(၅) နှစ်ဆိုရင် ဘာသာဝင်တွေ သာသနာအတွက် ကျရာကဏ္ဍမှာ ကြိုးစား လုပ်ဆောင်မယ်။ ဒီဓမ္မာရုံ ဆိုရင်လည်း ရုံးခန်းတွေ ပြည့်နေတယ်။ သူ့နေရာနဲ့သူ စနစ်တကျ တည်ရှိပြီး နေတာကို ကျွန်တော်တို့ မြင်ချင်သလား။ Vision ကိုကျွန်တော်တို့ရပြီဆိုရင် အဲဒီလို ဖြစ်လာအောင် Mission ကနေပြီးတော့ ဘယ်လိုလုပ်ကြမလဲ။ Vision ရောက်သည်ရှိ မရောက်သည်ရှိ Mission ကို ကျွန်တော်တို့ ရောက်နိုင်တဲ့ အတိုင်းအတာအထိ ကြိုးစားလုပ်ဆောင်ရမယ်။

ဒီ (၅) နှစ်က ကျွန်တော်တို့ လက်ထဲမှာ ရောက်ပြီ။ ဆရာတော်လက်ထဲမှာ မရှိဘူး။ သာသနာ တိုးတက်ဖို့ အားလုံးရဲ့လက်ထဲမှာ ရှိတယ်။ သာသနာ တိုးတက်ဖို့ ဆိုရင် ဆွေးနွေး ငြင်းခုံရမယ်။ စကားတော့ မများကြနဲ့။ ဒီနေ့ ဒီမှာလာတာ ဆွေးနွေးပါ။ တိုင်ပင်ပါ။ (၅) နှစ်တာ စီမံကိန်း အစည်းအဝေးမှာ ပထမ တရက်တဖွဲ့ လာတယ်။ ဒုတိယရက်ကျတော့ လူပြောင်းပြီး နောက်တဖွဲ့လာတယ်။ အဲလို မဖြစ်စေနဲ့။ ကိုယ့်သာသနာ တိုးတက်ဖို့ ပြီးဆုံးတဲ့အထိ မပျက်မကွက် ဝိုင်းဝန်းဆက်ကပ်ပါဝင်ဆွေးနွေးပါ။

ပြီးခဲ့တဲ့ (၃) နှစ်သက်တမ်းမှာ အတွေ့အကြုံအများကြီး ရခဲ့တယ်။ အောင်မြင်မှုလည်းရရှိခဲ့တယ်။ ဘုရားစကား သင်ကြားရေးမှာ တိုးတက်လာတယ်။ သာသနာအတွက် ဆယ်ဖို့တစ်ဖို့ ထည့်ဝင်မှု ထက်သန်လာတယ်။ တိုးတက်လာတယ်။ ဘာဘဲဖြစ်ဖြစ် ဒီမှာရောက်လာပြီဆိုရင် ကိုယ့်မှာတာဝန်ရှိတယ်ဆိုတာ စိတ်ထားပြီး သန့်ရှင်းသောဝိညာဉ်တော်အလင်းကျေးဇူးနဲ့ ကြိုးစား လုပ်ဆောင်သွားကြပါစို့။

၎င်းနောက် ဘုန်းတော်ကြီး Fr. Luke နှင့် Fr. Paul Oo Nan တို့မှ အစည်းအဝေး၏ ရည်ရွယ်ချက်ကိုရှင်း လင်း ပြောကြားပါသည်။

၅ နှစ် စီမံကိန်းအတွက် သုံးသပ်ဆွေးနွေးမည့် ကဏ္ဍ (၅) ရပ်မှာ

၁။ ပညာရေး
၂။ ဘက်စုံ လူမှုရေး ဖွံ့ဖြိုးရေးဂဏ္ဍ
၃။ အမျိုးသမီး စွမ်းရည်မြှင့်တင်ရေးဂဏ္ဍ
၄။ တိုင်းရင်းသား ယဉ်ကျေးမှုနှင့် ပါတ်ဝန်းကျင် ထိမ်းသိမ်းရေး
၅။ ဘာသာပေါင်းစုံ ချစ်ကြည်ရေး တို့ဖြစ်သည်။

U SAI SHENG



**_The best antidotes to falsehoods are not strategies, but people: people who are not greedy but ready to listen, people who make the effort to engage in sincere dialogue so that the truth can emerge; people who are attracted by goodness and take responsibility for how they use language._**

**Pope Francis World Day of Communications, 2018**

အများကို တိုက်ဖျက်ဖို့အတွက် ဗျူဟာတွေ မလိုပါဘူး လူတွေပဲ လိုတယ် . . . လောဘမကြီးဘဲနဲ့ နားထောင်ဖို့ အသင့်ရှိနေသူတွေ၊ အမှန်တရားပေါ်လာဖို့ ရိုးသားစွာ ဆွေးနွေးပြောဆိုခြင်းတွက် အားစိုက်လိုသူတွေ၊ ကောင်းမြတ်ခြင်းကို အာရုံရှိသူတွေနဲ့ ကိုယ်သုံးနှုန်းတဲ့ စကားလုံးများအပေါ် တာဝန်ယူသူတွေ

**Pope Francis World Day of Communications, 2018**

# မန္တလေးကက်သလစ် ဂိုဏ်းချုပ်သာသနာတွင် ရဟန်းအသစ်တစ်ပါးသိက္ခာခံယူခြင်း

မန္တလေး ဂိုဏ်းချုပ်ဆရာတော်ကြီး နီကောလာစ်မန်ထန်းလက်တော်မှ ဦးပဥ္စင်းကြီး DONALD MARTIN YE NAING WIN သည် ထာဝရ ရဟန်းသိက္ခာကို မတ်လ (၂၀) ရက်ကခံယူခဲ့ခြင်းဖြစ်သည်။

ရဟန်းသိက္ခာ ခံယူသည့်အခမ်းအနားကို ပြင်ဦးလွင်မြို့ အပြစ်မဲ့သန္ဓေယူတော်မူ သောသခင်မဘုရားကျောင်း၌ ကျင်းပခဲ့ပြီး ရန်ကုန်ဂိုဏ်းချုပ် ဆရာတော်ကြီးကာဒီနယ် ချာလ်းစ်ဘို၊ မန္တလေး ကက်သလစ်ဂိုဏ်းချုပ်သာသနာမှ ဆရာတော်ကြီး နီကောလာစ်မန်ထန်း၊ ဆရာတော်ကြီး ပေါလ်ဇိန်ထုန်းဂရောင်(ငြိမ်း)နှင့် အနယ်နယ်အရပ်ရပ်မှ ဘုန်းတော်ကြီးများ၊ သီလရှင်များ၊ ကိုရင်များ၊ ဓမ္မမိတ်ဆွေများနှင့် ဆွေမျိုးများပါဝင်တက်ရောက်ခဲ့ကြပါသည်။

သိက္ခာတင် အခမ်းအနားတွင် ရဟန်းသစ်အား ကာဒီနယ်ချာလ်းစ်ဘိုက "မိသားစု အိမ်ထောင်ပြုကြတယ်။ ကတိသစ္စာထားတယ်။ အဆင်ပြေရင်နေမယ် အဆင်မပြေဘူးဆိုရင် လွှင့်ပစ်လိုက်မယ်။ ကျွန်တော်တို့ရဲ့ အသင်းတော်ဟာ ဘာသာရေးပိုင်းမှာ ကတိသစ္စာ တည်ကြည်မှုနှင့် အဆုံးတိုင်အောင် သွားနိုင်မှုဟာ သိပ်ကိုမှ အရေးကြီးပါတယ်။"ဟု ရဟန်းသူတော်စင်ဘဝနှင့် အခြားခေါ်တော်မူခြင်းဘဝအသက်တာများတွင် သစ္စာတရားကိုအလေးထားပြီး အဆုံးတိုင်လျှောက်လှမ်းကြဖို့ တိုက်တွန်းခဲ့သည်။ ထို့အပြင် ခေါ်တော်မူခြင်းခံရသည့် ဘဝများအတွက် အဆုံးတိုင် လျှောက်လှမ်းနိုင်ရန် နီးစပ်သူအချင်းချင်းဆုတောင်းခြင်း မေတ္တာများပို့သကြရန် မိန့်ကြားခဲ့သည်။




ရဟန်းအသစ် REV.FR.DONALD MARTIN YE NAING WIN မှကျေးဇူးတင်စကားပြောကြားရာတွင်လည်း" ပွဲလုပ်မည်ဟုဆုံးဖြတ်ချက်ချချိန်မှစကာ အခက်အခဲများစွာရှိခဲ့ကြောင်း၊ အကြောင်းကြောင်းကြောင့်သိက္ခာတင်ပေးမည့် ဆရာတော်များမတက်ရောက်နိုင်သည့် အခြေအနေထိရောက်ရှိခဲ့ပြီး ယခုပွဲလုပ်သည့်အချိန်တွင် ဂိုဏ်းချုပ်ဆရာတော် သုံးပါးတက်ရောက်မှုဟာ ဘုရားသခင်၏ ထူးခြားသည့် ကျေးဇူးတော်ပင်ဖြစ်ကြောင်းနှင့် မွေးစမှစတင်ကာ ယခုချိန်ထိအဘက်ဘက်မှ ကူညီပံ့ပိုးပေးခဲ့ကြသော ကျေးဇူးရှင်များနှင့်မိသားစုဝင်များအားအထူးပင်ကျေးဇူးတင်ကြောင်းကို ပြောကြားခဲ့ပါသည်။

ဘုန်းတော်ကြီး DONALD MARTIN YE NAING WIN သည် ခမည်းတော် NATHAN DASS နှင့် မယ်တော် NOVELLA SUSAN မှ မွေးဖွားသည့် ဒုတိယမြောက်သားရတနာဖြစ်သည်။

FR.DONALD MARTIN YE NAING WIN အား မန္တလေးတိုင်း စဉ့်ကိုင်မြို့နယ် ဇော်ဂျီကျေးရွာရှိ စိန့်ပင်းစင်းဒီပေါလ်ဘုရား ကျောင်း၌ ကျောင်းထိုင်ဘုန်းတော်ကြီးအဖြစ် မတ်လ(၂၀) ရက်နေ့မှစတင်ခန့် အပ်ကြောင်းသိက္ခာတင်အခမ်းအနားအပြီးတွင် ကြေညာခဲ့သည်။

PINKY ( MDY – OSC)

# မိုးမိတ် နှင့် မိုးကုတ် မှ ရဟန်းသိက္ခာခံယူပွဲ



ဦးပဥ္စင်းကြီး နာတားလယ်၏ ထာဝရရဟန်းသိက္ခာတင်ခြင်းအခမ်းအနားကို မတ်လ (၂၂)ရက်က မိုးကုတ်မြို့ယေဇူးဘုရင်ဘုရားကျောင်းတွင် ကျင်းပခဲ့သည်။

ထာဝရ ရဟန်းသိက္ခာကို လားရှိုးဂိုဏ်းအုပ်ဆရာတော်ကြီး ဖိလစ်ဇဟောင်းလက်တော်မှ ခံယူခဲ့ခြင်းဖြစ်ပြီး သိက္ခာတင်အခမ်းအနားသို့ ရဟန်း၊ သီလရှင်များ၊ ရပ်နီးရပ်ဝေးမှ ဘာသာဝင်များ ပါဝင်ဆုတောင်းပေးခဲ့ကြသည်။

သိက္ခာတင်အခမ်းအနားအပြီးတွင် ဆရာတော်ကြီး ဖိလစ်ဇဟောင်းက ဘုန်းတော်ကြီးသစ်အား မိုးကုတ်သာသနာတိုက်နယ်တွင် တာဝန်ထားဆောင်ရန် တာဝန်ပေးခဲ့သည်။

ဘုန်းတော်ကြီးနာတားလယ်သည် အဖ ဦးမူတားပို့၊ အမိဒေါ်ရွှေလုတို့၏ ပဉ္စမမြောက် သားရတနာဖြစ်ပြီး ၎င်းကို ၁၉၈၉ ခုနှစ် ဒီဇင်ဘာလ ၂၅ ရက်တွင် ပိန်းပစ်ကျေးရွာ၌ ဖွားမြင်ခဲ့ခြင်းဖြစ်သည်။

ဘုန်းတော်ကြီး နာတားလယ်၏ မိဘ ညီအကိုမောင်နှမများမှ ကက်သလစ်ဘာသာဝင်များ မဟုတ်သော်လည်း နားလည်မှုဖြင့် ကက်သလစ်ရဟန်းတစ်ပါးဖြစ်ရန် ခွင့်ပြုခဲ့ခြင်းကြောင့် ၎င်းသည် ၂၀၀၂ ခုနှစ်တွင် လားရှိုးရဟန်းဖြစ်သင်ကျောင်းသို့ ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၂၇ ရက်တွင် လားရှိုးဂိုဏ်းအုပ်သာသနာမှ ကိုရင်လေးပါးနှင့်အတူ ဆရာတော်ကြီး ဖိလစ်ဇဟောင်း၏ လက်တော်မှ ဥပဥ္စင်းကြီး သိက္ခာကို အတူတကွခံယူခဲ့ကြသည်။

ထို့အတူ ဥပဥ္စင်းကြီး ဂျွန်ပေါလ် ရှုံးခုပ်သည်လည်း မတ်လ ၂၀ ရက်နေ့တွင် မိုးမိတ်မြို့ စိန့်ပေါလ် ဘုရားကျောင်းတွင် ဆရာတော်ကြီး ဖိလစ်ဇဟောင်း လက်တော်မှ ထာဝရရဟန်းသိက္ခာကို ခံယူခဲ့ပြီး မူဆယ်သာသနာတိုက်နယ်သို့ ပထမဆုံးစေလွှတ်ခြင်းခံခဲ့ရသည်။

CBCM-OSC



# အဌမအကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ကက်သလစ်လူငယ်များစုပေါင်းဆုတောင်းပွဲနှင့် နီးနှောဖလှယ်ပွဲ

NCYC VIII

"I am the servant of the Lord, may it be done to me according to your word." (Luke 1:38)


ဖဲကြိုးဖြတ် ဖွင့်လှစ်ခြင်း အခမ်းအနား

ဘုရားသခင်နှင့် သူ၏ လူမျိုးတော်ကို အစေခံခြင်း၌ မြန်မာပြည် အတွင်းရှိ ကက်သလစ်လူငယ် မောင်မယ်များ၏ ယုံကြည်ခြင်း ဘဝသက်တာကို ပြန်လည် ဆန်းစစ်၊ ဆန်းသစ်ကာ လေးနက်စေခြင်းအားဖြင့် ဘုရားသခင်အား ဝမ်းမြောက် ပျော်ရွှင်စွာ အစေခံတတ်သော လူငယ်များ ဖြစ်လာစေရန်


လူငယ်နှင့်ပညာရေး ခေါင်းစဉ်ဖြင့် ပို့ချသူ ဝန်ကြီးချုပ်ဟောင်း မန်းဂျော်နီ


အဖွင့်မစ္စားတွင် ပူဇော်ခြင်း၌ ပါဝင်သူ လူငယ် ကိုယ်စားလှယ်များ


ချောင်းသာ ကမ်းခြေသို့ အလည်အပတ်


လူငယ်နှင့်ငြိမ်းချမ်းရေးတည်ဆောက်ခြင်း ခေါင်းစဉ်ဖြင့် ပို့ချသူ ကာဒီနယ် ချားလ်စ်ဘို


ပွဲတော် အဖွဲ့ မစ္စားတွင် တွေ့ရသော လူငယ်များ

# ရဟန်းမင်းကြီးဆိုင်ရာ သာသနာပြုကလေးသူငယ်များအသင်း တည်ထောင်ခြင်း (၁၇၅)နှစ်ပြည့် ဂျူဘီလီပွဲတော်

ရဟန်းမင်းကြီးဆိုင်ရာ သာသနာပြု ကလေးသူငယ်များ အသင်း တည်ထောင်ခြင်း ၁၇၅ နှစ်ပြည့် ဂျူဘီလီပွဲတော် ကို ၂၀၁၈ ခုနှစ် ဧပြီလ ၂၅ ရက်တွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိရန်ကုန်မြို့ မင်းဓမ္မလမ်းရှိမြန်မာကွန်ဗင်းရှင်းစင်တာတွင် ပျော်ပွဲရွှင်ပွဲများဖြင့်လည်းကောင်း၊ ဧပြီလ ၂၆ ရက်နေ့တွင် စိန့်မေရီ ကာသီဒြယ် ဘုရားကျောင်း တော်ကြီးတွင် နံနက် ၉ နာရီ အချိန်၌ မဏ္ဍားပူ ဇော်ခြင်းဖြင့် လည်းကောင်း ကျင်းပခဲ့သည်။

ပွဲတော် အခမ်းအနားများတွင် မြန်မာနိုင်ငံတဝှမ်းရှိ ဂိုဏ်း ချုပ်၊ ဂိုဏ်းအုပ် သာသနာတိုင်းမှ ကိုယ်စားလှယ် ကလေးငယ်များ ပျော်ရွှင်တက်ကြွစွာ ပါဝင်တက် ရောက်ခဲ့ကြသည်။




ခရစ်တော်ယေရှုး၌ ရှိသော စိတ်သဘော ကို သင်တို့၌ လည်းတည်ရှိစေကြလော

(ဖိလိပ္ပိ ၂း၅)

### ပွဲတော်၏ အဓိကရည်ရွယ်ချက်

ကလေး သူငယ်များအား သာသနာပြုခြင်း ဆိုင်ရာ အသိပညာပြည့်ဝစွာ ရရှိခံယူစေ၍ ကောင်း မွန်စွာ လေ့ကျင့် သင်ကြားခြင်း ခံရသော၊ သာသနာ ပြုများ ဖြစ်လာကြစေပြီး၊ အခြားကလေးသူငယ်များကို လည်း သာသနာပြုခြင်း၌တက် ကြွစွာလှုပ်ရှားလာ စေရန် အတွက် ကူညီပေးရန်


ဖယ်ခုံသာသနာမှ ကလေးသူငယ် ဗုံပုလွေအဖွဲ့


သာသနာအသီးသီးမှ လာရောက်ကြသော ကလေးသူငယ်များအား မြန်မာ ကွန်ဗင်းရှင်း စင်တာတွင် ဧပြီ ၂၅ ရက်နေ့ အစီအစဉ်တွင် တွေ့မြင်ရစဉ်


တစ်ရက်တာ အစီအစဉ်များ ကျင်းပပြုလုပ်ခဲ့သော မြန်မာကွန်ဗင်းရှင်း စင်တာ




စိန့်မေရီ ကာသီဒြယ်ကျောင်းတော်ကြီးတွင် ကလေးသူငယ်များအတွက် မဏ္ဍားပူဇော်ခြင်း အပြီး (ဧပြီ ၂၆ ရက်)

# ဆပ်ဖြေခြင်းသီလရှင်များဝတ်စောင့်ပွဲနှင့် ဂျူဘီလီပွဲများကျင်းပခဲ့



ဆပ်ဖြေခြင်း သီလရှင်များဂိုဏ်း၏ SENIOR SISTERS များနှစ် ပတ်လည်ဝတ်စောင့်ခြင်းနှင့်အတူ သီလရှင် ၂၀ ပါး၏ ဂျူဘီလီပွဲတော်ကို ပြီးခဲ့သည် မတ်လက လွိုင်ကော် မြို့ဒေါင်ခါးတွင် ကျင်းပခဲ့သည်။

အကြီးအကဲသီလှရှင်များ၏ နှစ်ပတ်လည် ဝတ်စောင့်ခြင်းနှင့် သင်တန်းကို ဖေဖော်ဝါရီလ ၂၆ ရက် (၂၀၁၈ ခုနှစ်) မှ စတင်ခဲ့ပြီးRETREAT MASTER အဖြစ်ဘုန်းတော်ကြီး REV.FR.PHILIPSOREH(OP)မှ ဦးဆောင်တရားရေ အေးတိုက်ကျွေးခဲ့ပြီး အသင်းဂိုဏ်အကြီးအကဲများဖြစ်သော မာသာရ် REGIONAL CHRISTINA AH LA၊ မာသာရ် GLORY AYE AYENAINGနှင့်MOTHER SIMPLICIA တို့မှ လိုအပ်သည့် သင်တန်းများပို့ချပေးခဲ့ကြသည်။

မတ်လ ၁၁ ရက်ညနေတွင် ဂျူဘီလီရှင်များအား အကြိုဂုဏ်ပြုနှုတ်ဆက်ခြင်းအခမ်းအနားတွင် ဆပ်ဖြေခြင်းတီးဝိုင်းမှ ဂုဏ်ပြုဖျော်ဖြေပေးခဲ့ကြပြီး ဝတ်စောင့်သော SISTERS (၆၅)ပါးနှင့် မိဘဆွေမျိုးများ ဧည့်သည်တော်များ (၈၀၀)ကျော်ပါဝင်အားပေးခဲ့ကြသည်။

မတ်လ ၁၂ ရက်နေ့တွင်မူ ရွှေစင်၊ ငွေစင်ဂျူဘီလီရှင်များအတွက် ကျေးဇူးတင် မစ္ဆားတရားတော်မြတ်ကို ဆရာတော်စတီးဖင်းတေျးဖဲ၊ ဆရာတော်ပီတာလတ်၊ ဆရာတော် မာတီးယာဦးရွှေတို့ ဦးဆောင်ကာ ရဟန်းတော်(၄၉) ပါးနှင့် ဒီကင်တစ်ပါးပါဝင်ပူဇော်ပေးခဲ့ကြပါသည်။

ဆပ်ဖြေရှင်းသီလရှင်ဂိုဏ်း၏ ရွှေစင်ဂျူဘီလီရှင်များမှာ ၁။ မာသာရ် စတဲလ်လာ မေရီ (Leiktho Parish, တောင်ငူသာသနာ)၊ ၂။ မာသာရ် မောနီကာ Audry (Hano Parish, ဖယ်ခုံသာသနာ)၊ ၃။ မာသာရ် အဂ္ဂနက်စ် Hilary (Metheledaung Parish, တောင်ငူသာသနာ)၊ ၄။ မာသာရ် အာကာသား Alma (Myathakone Parish, တောင်ငူသာသနာ) တို့ဖြစ်ကြပြီး ငွေစင်ဂျူဘီလီပွဲရှင်များမှာ ၁။ မာသာရ် မာရီးယာ Pho Hla (Leiktho Parish, တောင်ငူသာသနာ)၊ ၂။ မာသာရ် Prassede Nan Thet Win (Metheledaung Parish, တောင်ငူသာသနာ)၊ ၃။ မာသာရ် ထရေးဇာ Saw Myat (Leiktho Parish, တောင်ငူသာသနာ)၊ ၄။ မာသာရ် မေရီ Htu Bu (Putao Parish) မြစ်ကြီးနားသာသနာ)၊ ၅။ မာသာရ် ဧလိဇဘက် Beta (Tananukwe Parish), လွိုင်ကော်သာသနာ)၊ ၆။မာသာရ်ထရေးဇာ Mu Du (Hwari Parish)ဖယ်ခုံသာသနာ)၊ ၇။ မာသာရ် ဇူဇာနား Nyoinyoi (Namtu Parish) လားရှိုးသာသနာ)၊ ၈။ မာသာရ် Louisa Htay Moe (Dognekhu Parish) လွိုင်ကော်သာသနာ)၊ ၉။မာသာရ် အဂ္ဂနက်စ် Ahmu (Momblo Parish), တောင်ငူသာသနာ)၊ ၁၀။ မာသာရ် Mariana Riki (Yado Parish), တောင်ငူသာသနာ)၊ ၁၁။ မာသာရ် ကက်သရင်း Weidu (Leiktho Parish, တောင်ငူသာသနာ)၊ ၁၂။ မာသာရ် မော်နီကာ Mudjan (Mobye Parish), ဖယ်ခုံသာသနာ)၊ ၁၃။ မာသာရ် Benedettapepe (Myathakone Parish), တောင်ငူသာသနာ)၊ ၁၄။ မာသာရ် ခရစ်စတီးနား Ah La (Regional) (Momblo Parish), တောင်ငူသာသနာ)၊ ၁၅။ မာသာရ် Susanna Mi Cho ( Dorokhu Parish), လွိုင်ကော်သာသနာ)နှင့် ၁၆။ မာသာရ် ဒေါမိနစ်ကာ Do (Santamaria Parish, ဖယ်ခုံသာသနာ) တို့ဖြစ်ကြပါသည်။

တောင်ငူဂိုဏ်းအုပ်ဆရာတော် Bishop Rocco Tornatore (Bishop of Tangngu, Myanmar)၏ ဖိတ်ခေါ်မှုဖြင့် ၁၉၉၅ ခုနှစ် အောက်တိုဘာ (၂၇) ရက်တွင် ဆပ်ဖြေခြင်းသီလရှင် (၆)ပါးရန်ကုန်မြို့သို့ စတင်ရောက်ရှိခဲ့ပြီးသာသနာပြုလုပ်ငန်းများ တိုးတက်ပြန့်ပွားရေးလုပ်ငန်းများ၊ ဝိညာဉ် ရေးကယ်တင်ရေးလုပ်ငန်းများတွင် ဘုရားသခင်၏ အမှုတော်မြတ် ထမ်းဆောင်ခဲ့ကြသည်။ ဒက်ဖူးမယ်(ISR)

# မြော်မြင်ခြင်း သီလရှင် (၆)ပါး၏ ငွေစင်ဂျူဘီလီပွဲတော်ကျင်းပ

မြော်မြင်ခြင်းသီလရှင် (၆)ပါး၏ (၂၅)နှစ်ပြည့် ငွေစင်ဂျူဘီလီ ပွဲတော်ကို ကျိုင်းတုံမြို့ မြော်မြင်ခြင်းသီလှရှင်ကျောင်းတိုက်တွင် မတ်လ (၂၀) ရက် မနက်ကကျင်းပပြုလုပ်ခဲ့ပါသည်။

ကိုယ်တော်၏ အလိုတော်ကို ဆောင်ရွက်ရန် ကျွန်ုပ်ရောက်ရှိ လာပါပြီ ဆိုသည့်အတိုင်း သန့်ရှင်းမြင့်မြတ်သော သူတော်စင်ဘဝကို၂၅ နှစ်တိုင် ဘုရားအမှုတော် ထမ်းဆောင် ဆက်ကပ်ခဲ့သော ငွေစင်ဂျူဘီလီရှင်များမှာ

၁။ စစ္စတာရ် Agnes Sein ဟားခါးသာသနာ၊ခွဲလုံကျေးရွာ

၂။ စစ္စတာရ် Mary Htu Bu မြစ်ကြီးနားသာသနာ၊ စိန်ပေါလ်ရပ်ကွက်

၃။ စစ္စတာရ် Clare Aye Ort လားရှိုးသာသနာ၊ စံလောင်း

၄။ စစ္စတာရ် Benadet Khin Soe Nan ဖယ်ခုံသာသနာ၊ ဝ့ါရီ ဆူးပလိုင်

၅။ စစ္စတာရ် Giovanna ဟားခါးသာသနာ၊ ခွဲလုံ

၆။ စစ္စတာရ် Benadett Tin လွိုင်ကော်သာသနာ၊ ဒေါဥခူ ( လက်ရှိ စစ္စတာရ်သည် ရောမမြို့၌ သာသနာအမှုတော်ထမ်းဆောင်နေပါသည်) တို့ဖြစ်ကြပါသည်။



မြော်မြင်ခြင်း သီလရှင်များ၏ ငွေစင်ဂျူဘီလီ ဂုဏ်ပြုအခမ်းအနားတွင် ကျိုင်းတုံဂိုဏ်းအုပ်ဆရာတော် ဘီရှော့ပီတာလွီစ် ဦးဆောင်၍ ရဟန်းတော်များနှင့်အတူဘုရားသခင်အား ကျေးဇူးတင် မစ္ဆားတရားတော်မြတ် ပူဇော်ခဲ့ကြပါသည်။

အခမ်းအနားတွင် ဂျူဘီလီရှင် သီလရှင်များသည် အသင်းဂိုဏ်း၏ ကတိသစ္စာပုံစံကို ပြန်လည်ရွတ်ဆိုခဲ့ကြပြီး၊ ဆရာတော်ဘုရားမှ ဂျူဘီလီရှင် သီလရှင်တို့အား ကောင်းကြီးပေးခဲ့ပါသည်။

မစ္ဆားတရားတော်ပူဇော်ပြီးနောက် ဂျူဘီလီ သီလရှင် စစ္စတာရ် ကလဲအေအုတ်မှဘုရားသခင်အား ကျေးဇူးတင်ခြင်းနှင့် ကျေးဇူးရှင် မိဘ ညီအစ်ကိုမောင်မဆွေမျိုးသားချင်းများ၊ သူတော်စင်သီလရှင်များ၊ ကိုရင်များနှင့် ရဟန်းလောင်း၊ သီလရှင်လောင်းအားလုံးနှင့် ဂျူဘီလီပွဲတော်သို့ကြွရောက်ဆုတောင်း ပေးကြသော ဘာသာဝင်မိတ်ဆွေ အပေါင်းအပါများအား အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့ပါသည်။

ရှို့စ် sdp

# ရွှေကုန်းသာသနာအုပ်စုစိန့်ဗင်းဆင်းဒီပေါလ်အသင်း ပြန်လည်ဖွဲ့စည်း

ပုသိမ် ကက်သလစ်သာသနာရှိ ရွှေကုန်းသာသနာအုပ်စုအတွက် စိန့်ဗင်းဆင်းဒီပေါလ်အသင်းကို ပြီးခဲ့သည့် မတ်လ ၁၁ ရက်က ပြင်ဆင်ဖွဲ့စည်းခဲ့သည်။

ပုသိမ်သာသနာ၊ ပုသိမ်မြို့ စိန့်ဗင်းဆင်းဒီပေါလ်အသင်းမှ ဥက္ကဌ ဦးအောင်သူရ ဦးဆောင်၍ အသင်းသူ/ အသင်းသားများသည် မတ်လ ၁၁ ရက်က ကန်ကြီးဒေါင့်မြို့နယ် ရွှေကုန်းကျေးရွာသို့ ရောက်ရှိခဲ့ကြသည်။ ရွှေကုန်းသာသနာ အုပ်စုအတွက် စိန့်ဗင်းဆင်း ဒီပေါလ်အသင်း ပြန်လည်ဖွဲ့စည်းရန်အစည်းအဝေးကိုနံနက် (၁၁) နာရီတွင် ရွှေကုန်းရွှေနှလုံးတော် ဘုရားကျောင်း၌ ကျင်းပခဲ့ပြီး ကျောင်းထိုင်ဘုန်းတော်ကြီး ဖိလစ်အောင်အောင်စောမှ အဖွင့်ဆုတောင်းမေတ္တာနှင့် စတင်ပေးကာ လမ်းညွှန်သြဝါဒလည်း မြွက်ကြားပေးခဲ့သည်။ ထို့နောက် ပုသိမ်ဗိုင်အိုဥက္ကဌ ဦးအောင်သူရမှ အသင်းနှင့်ပတ်သက်၍ သိသင့်သိထိုက်သော အချက်အလက်များ ရှင်းလင်းပေးပြီး အမှုဆောင်အသစ်များ ပြန်လည်ရွေးချယ်တင်မြှောက်ကြကာ ဘုန်းတော်ကြီး ရှေ့မှောက်တွင် အသင်းသစ်အား အတည်ပြုခဲ့ကြသည်။



အသင်းသစ်အားအတည်ပြုပြီးနောက် အတွင်းရေးမှူးဒေါ်မာရီယားညွန့်မှ ကျေးဇူးတင်စကား ပြောကြားခဲ့သည်။ မွန်းလွဲ (၁) နာရီတွင် အပိတ်ဆုတောင်းမေတ္တာကို စစ္စတာရ်ကြီးမှ ဦးဆောင်ပေးခဲ့ပြီးဘုန်းတော်ကြီး၏ ကောင်းချီးမင်္ဂလာ ခံယူလျက် အသင်းသစ် ရွေးချယ်မှု အစည်းအဝေးကို အောင်မြင်စွာအဆုံးသတ်ခဲ့ကြသည်။

ရွေးချယ်မှု အစည်းအဝေး ဖြစ်မြောက်ရေးအတွက် လိုအပ်သမျှ ကူညီဆောင်ရွက်ပေးကြသော ကျောင်းထိုင်ဘုန်းတော်ကြီးနှင့် စစ္စတာရ်ကြီး၊ ရွှေကုန်းမိခင်အသင်း၊ စိန့်ဗင်းဆင်းအသင်းသူ/ အသင်းသားများအား ကျေးဇူးတင်ပါကြောင်း ပုသိမ်မြို့စိန့်ဗင်းဆင်း အသင်းက ပြောကြားခဲ့သည်။

နန့်ဂျူလိုင်အေး(ပုသိမ်)

# ပုသိမ်မြို့တွင် သမ္မာကျမ်းစာဝေမျှခြင်းအစီအစဉ်ဆောင်ရွက်

ပုသိမ်ဂိုဏ်းအုပ်သာသနာ၊ ပုသိမ်မြို့၌ စစ္စတာရ်များမှ ဦးဆောင်၍ ကျမ်းစာတော်မြတ် အသင်းသူ/အသင်းသားများနှင့်အတူ သမ္မာကျမ်းစာဝေမျှခြင်း အစီအစဉ်တစ်ရပ်ကို မတ်လ ၁၀ က ပြုလုပ်ခဲ့ပါသည်။

စစ္စတာရ်ကြီးမေရီဂျွန်ဦးဆောင်၍ စစ္စတာရ်ကြီး (၃) ပါးနှင့်အတူ ကျမ်းစာတော်မြတ်အသင်းသားများ၊ ဘာသာဝင်များသည် ပုသိမ်မြို့အမှတ်(၅)နယ်မြေ၊ ပန်းတင်ကုန်းရပ်ကွက်ရှိ ဘာသာဝင် (၄)အိမ်သို့ သွားရောက်ပြီး သမ္မာကျမ်းစာတော်မြတ် ဖတ်ရှုခြင်း၊ ထောက်ရှုဆင်ခြင်ကြခြင်း၊ အချင်းချင်း ဝေမျှရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။စစ္စတာရ်ကြီးအန်းထရေစာမှ ကျမ်းစာတော်မြတ်၏ အနှစ်သာရနှင့် လူတိုင်း ကျမ်းစာတော်မြတ် အစဉ်မပြတ် လေ့လာဖတ်ရှုသင့်ကြောင်းဝေငှခဲ့သည်။

မတ်လ (၁၀) ရက် သမ္မာကျမ်းစာတော်မြတ် ဝေမျှခြင်းအစီအစဉ်ကိုမွန်းတည့် ၁၂ နာရီတွင် နောက်ဆုံးဝေငှခဲ့သောဆရာမခရစ္စတီးနားဒေါ်ကြည်ကြည်အေး၏အိမ်တွင် အဆုံးသတ်ခဲ့ပါသည်။ သမ္မာကျမ်းစာဝေမျှခြင်း အစီအစဉ်ကို ပုသိမ်မြို့ပေါ် ဘာသာဝင်များအိမ်သို့ ဆက်လက်ဝေမျှလျက်ရှိကြောင်းသိရသည်။

နန့်ဂျူလိုင်အေး(ပုသိမ်)



# ဘုရားစကားသင်တန်းနှင့် ဆုပေးပွဲများကျင်းပ



ပုသိမ်ကက်သလစ် သာသနာ၊ ကန်ကြီးဒေါင့်မြို့နယ်၊ ဆင်ဂေါင်းကြီးကျေးရွာတွင် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ဘုရားစကားသင်ကြားခြင်းနှင့် ဆုပေးခြင်း အစီအစဉ်ကိုဖေဖော်ဝါရီလ (၄) ရက် နံနက်ပိုင်းက ၄င်းကျေးရွာ စိန့်မာတင်းဘုရားကျောင်းတွင် ကျင်းပခဲ့သည်။

အစီအစဉ်ကို နံနက် ၉နာရီတွင် ငရဲငယ်မှ ဝိညာဉ်များအတွက် ဆုတောင်းပေးခြင်းဖြင့် ကျောင်းအုပ်ဆရာမကြီး(ငြိမ်း) ဒေါ်မာရီယန်က ဦးဆောင်ပေးခဲ့သည်။ ထို့နောက်ဦးရာဇာမျိုးမှကျောင်းသား/ကျောင်းသူများကို ဆုံးမစကား ပြောကြားပေးခဲ့ကာ ဆရာမကြီးဒေါ်မာရီယန်မှ ဆုရရှိခဲ့ကြသော ကလေးငယ်များကိုဆုများပေးအပ်ချီးမြှင့်ခဲ့သည်။ ပထမဆုအဖြစ် (၁၅၀၀၀)ကျပ်၊ ဒုတိယဆုအဖြစ် (၁၀၀၀၀)ကျပ်၊ တတိယဆုအဖြစ် (၅၀၀၀) ကျပ် အပြင် နှစ်သိမ့်ဆုများကို အသီးသီး ချီးမြှင့်ပေးခဲ့သည်။ ကလေးငယ်များအား ချီးမြှင့်သည့် ဆုငွေများကိုဒေါ်ဖရီဒါ၊ ဦးအေးထွန်း + ဒေါ်အဲခင်စိုးနှင်း(ဖျာပုံ) နှင့် ဆရာမကြီးဒေါ်မာရီယန်တို့မှ လှူဒါန်းပေးခဲ့ကြသည်။ နံနက် (၁၁) နာရီတွင် အပိတ်မေတ္တာကို စုပေါင်းသီဆိုကြပြီးအစီအစဉ်ကို ကောင်းမွန်စွာအဆုံးသတ်နိုင်ခဲ့ပါသည်။

မာရီယန်(ဆင်ဂေါင်းကြီး)

# ထီးသာစောကျေးရွာတွင် ကလေးသူငယ် (၂၅၄) ဦးအားသင်တန်းပို့ချခဲ့



တောင်ငူသာသနာ၊ ထီးသာစော တိုက်နယ်ရှိ ထီးသာစောကျေးရွာတွင် ရဟန်းမင်ကြီးဆိုင်ရာ သာသနာပြု ကလေးသင်တန်းကို ပြီးခဲ့သည့် မတ်လ ၂၀ ရက်မှ ၂၆ ရက်အထိ (၇) ရက်တာပြုလုပ်ခဲ့ပါသည်။

သင်တန်းတွင် ကျောင်းထိုင်ဘုန်းတော်ကြီး Rev. Fr. Xavier Win Mg၊ Rev. Dennis Ba Maung၊ Sr.B. မြတ် နင်းနွယ်၊ SR. ဖရန်စစ်ဒယ်၊ Sr.N.အေးအေး ပြုံး၊ Bro. Charles Bo၊ Bro. Abraham ကိုရွှေနှင့် ဆရာ ဦးစံတင်တို့မှ ပို့ချပေးခဲ့ပြီး လူငယ်များမှ ပါဝင် ကူညီပေးခဲ့ကြပါသည်။

ပါဝင် တက်ရောက်သူ ကလေးငယ် (၂၅၄) ဦး ရှိသော ၄င်းသင်တန်း တွင် ကလေး ငယ်များသည် ပထမ ကိုယ်တော်မြတ် စုပေါင်းခံယူခဲ့သည်။

( Fr. X. ဝင်းမောင်)

# ကလေးငယ်များ ဘာသာရေးအသိတရား မြင့်မားလာစေရန် နွေကျောင်းပိတ်ရက်များအတွင်း သမ္မာကျမ်းစာသင်တန်းများ ပို့ချ



ဘားအံသာသနာ ထုံးဘိုကွေ့ရွာမှ ကျောင်းသူ၊ ကျောင်းသား ၁၁၆ ဦးကို မတ်လ ၅ ရက်မှ စတင်ကာ ၉ ရက်အထိ (၅) ရက်တာ သမ္မာကျမ်းစာတော်မြတ်သင်တန်း ပို့ချပေးခဲ့သည်။

ကလေးငယ်များ ဘာသာရေး အသိတရားမြင့်မားစေရန်၊ သမ္မာကျမ်းစာ ဖတ်ရှုလေ့လာတတ်ရန်နှင့် ထောက်ရှုဆင်ခြင်တတ်လာစေရန် ရည်ရွယ်၍ နွေကျောင်းပိတ်ရက်အတွင်း ကျမ်းစာတော်မြတ် သင်တန်းကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ယခုသင်တန်းသည် ဘားအံသာသနာတွင် ၄ ကြိမ်မြောက် ကျမ်းစာသင်တန်းလည်းဖြစ်သည်။

ကျမ်းစာတော်မြတ် သင်တန်းကို မြန်မာနိုင်ငံလုံးဆိုင်ရာ သမ္မာကျမ်းစာတမန်တော်လုပ်ငန်းတာဝန်ခံ ဘုန်းတော်ကြီး စောဘော်စကိုနှင့် စစ္စတာရ် အက်စတာတို့က ဦးဆောင်ကျင်းပပေးခဲ့ပြီး ဘားအံသာသနာ ကျမ်းစာတမန်တော်လုပ်ငန်းတာဝန်ခံ ဘုန်းတော်ကြီးဝီလျံ လှမြင့်ဦးကလည်း ပါဝင်အားဖြည့်ပေးခဲ့သည်။

သင်တန်းတွင် ကလေးသူငယ်များကို ကျမ်းစာတော်မြတ်အကြောင်း သိမှတ်ဖွယ်ရာများ၊ ကျမ်းစာတော်မြတ်ကို ပလ္လင်တင် ထောက်ရှုခြင်းနည်းများ၊ ကျမ်းစာတော်မြတ်ဝေမျှခြင်းနည်းလမ်းများနှင့် ကမ္ဘာန်းထောက်ရှုနည်းကိုလည်း သင်ပြပေးခဲ့သည်။

သင်တန်းပို့ချရာသို့ ဘားအံသာသနာပိုင်ဆရာတော်ကြီး ဂျက်စတင်း စောမင်းသိုက် ကြွရောက်ခဲ့ပြီး ကလေးငယ်များအား ဆုံးမစကားပြောကြားခဲ့သည်။ ဆရာတော်ကြီးက ကလေးငယ်များသည် အနာဂတ်၏ ခေါင်းဆောင်များဖြစ်သောကြောင့် လောကီရေးရာ အသိဉာဏ်ပညာအတွက် စာပေရေးရာတွင် ကြိုးစားရန်လိုအပ်သလို ဘာသာတရားတွင်လည်း လေ့လာသင်ယူကြရမည်ဖြစ်ကြောင်း လမ်းညွှန်မိန့်ကြားခဲ့သည်။

သင်တန်းအောင်မြင်ရေးအတွက် ထုံးဘို့ကွေ့တိုက်နယ် ကျောင်းထိုင် ဘုန်းတော်ကြီးနှင့် ဘာသာသူများမှ ကလေးငယ်များ စားသောက်ရေး နေထိုင်ရေးတို့ စီစဉ်ပေးခဲ့ကြပြီး ထုံးဘိုကွေ့၊ ဖာပွန်၊ သိမ်ဆိပ်၊ ဘုရားသုံးဆူ၊ ကမမောင်း တိုက်နယ်များမှ ကလေးငယ်များ ပါဝင်တက်ရောက်ခဲ့ကြသည်။

CBCM-Bible Commission

In Christianity, truth is not just a conceptual reality...
not just bringing to light things that are concealed...
Truth involves our whole life. In the Bible, it carries with
it the sense of support, solidity, and trust...
the only truly reliable and trustworthy One – the One on
whom we can count – is the living God
Hence, Jesus can say: "I am the truth" (Jn 14:6)
This alone can liberate us: "The truth will set you free"
(Jn 8:32).
Pope Francis, World communications Day, 2018

ခရစ်ယာန်များအတွက် အမှန်တရားဆိုတာ စိတ်နဲ့သိတဲ့ အဖြစ်မှန်မဟုတ်ဘူး
ဖုံးကွယ်ထားတဲ့အရာတွေကို သိလာတာမဟုတ်ဘူး။ အမှန်တရားဆိုတာ ဘဝ
တစ်ခုလုံးပါဝင်ပတ်သက်တယ်။ ကျမ်းစာအရ ထောက်ပံ့ခြင်း၊ ညီတူဖြစ်ခြင်း၊
အားကိုးခြင်းတို့ ပါဝင်တယ်။ ကျွန်ုပ်တို့ လုံးလုံးလျားလျား ပုံအပ်
ယုံကြည်နိုင်တာ အသက်ရှင်သော ဘုရားပဲဖြစ်တယ်။ အဲ့ဒါကြောင့်
ခရစ်တော်က "ငါသည် အမှန်တရား" ဖြစ်၏လိုဆိုခဲ့တယ်။ ဒီအမှန်တရားက
ကျွန်ုပ်တို့ကို လွတ်မြောက်စေတယ်။ "အမှန်တရားက သင်တို့ကို
လွတ်လပ်စေမယ် (ယောဟန် ၈း၃၂)

# မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ်ဥက္ကဌ ကိုပီတာလှထွယ် နှင့် တွေ့ဆုံမေးမြန်းခြင်း



မေး။ ။အစ်ကို့ရဲ့အမည်နဲ့ လက်ရှိဘာတွေ ဆက်ကပ်ဆောင်ရွက်နေလဲဆိုတာမိတ်ဆက်ပြောကြားပေးပါအုံး။

ဖြေ။ ။ကျွန်တော့်နာမည်ကတော့ ပီတာလှထွယ်လို့ခေါ်ပါတယ်။ လက်ရှိမြန်မာနိုင်ငံလုံးဆိုင်ရာဥက္ကဌ တာဝန်ကိုထမ်းဆောင်နေတာပေါ့နော်။

မေး။ ။အခုဧပြီလမှာ ပြုလုပ်မည့် မြန်မာနိုင်ငံလုံးဆိုင်ရာလူငယ်ပွဲတော်အတွက် ဘာတွေပြင်ဆင်နေကြလဲ။

ဖြေ။ ။ပြင်ဆင်နေတာတော့ အစုံပါပဲ။ အခုလောလောဆယ်မှာတော့ PROGRAM အသေးစိပ်သွားဖို့ ပြင်ဆင်နေကြပါတယ်။ ဒီ CONGRESS မှာလူငယ်တွေကိုပေးသွားမယ့် ပစ္စည်းတွေကိုထုပ်ပိုးပြင်ဆင်နေကြပါတယ်။ အခုပစ္စည်းတွေ စုစုပြီးပုသိမ်ကိုပို့ဆောင်နေကြပါတယ်။

မေး။ ။အခုလက်ရှိမှာလူအင်အားဘယ်လောက်လောက်နဲ့ဒါတွေကိုပြင်ဆင်နေကြလဲ။

ဖြေ။ ။လောလောဆယ်တော့ NCYC TEAM ၁၅ ယောက်လောက်နဲ့ စုပေါင်းပြင်ဆင်နေကြတယ်။ ပုသိမ်ရောက်ရင်တော့ VOLUNTEER CAMP မှာ VOLUNTEER လူငယ်တွေနဲ့ ပွဲတော်အတွက် ပြင်ဆင်ကြမယ်။

မေး။ ။အခုပြုလုပ်မည့် YOUTH CONGRESS မှာလူအင်အားဘယ်လောက်ပါဝင်မလဲ။

ဖြေ။ ။၂၃၀၀ နီးပါး လူငယ်တွေလာကြမယ်လို့ စာရင်းရထားတယ်။

မေး။ ။ပြင်ဆင်တဲ့နေရာမှာဘယ်အပိုင်းတွေမှာအခက်အခဲတွေရှိလဲ။

ဖြေ။ ။ဒီနှစ် YOUTH CONGRESS မှာကြတော့ ပုသိမ်သာသနာရဲ့ တိုက်နယ်တစ်ခုချင်းစီမှာ၊ တစ်ရွာချင်းစီမှာ၊ တစ်အိမ်ချင်းစီမှာ(သာသနာစီရင်စုရှိနေရပ်များမှာ) လူငယ်တွေကိုထားမယ်။ အရင်ကနဲ့မတူဘဲနဲ့ အဲ့လိုလေးစီစဉ်ထားတော့ TRANSPORTATION (အကြိုအပို့) အပိုင်းမှာ နည်းနည်း CHALLENGE တော့ရှိမယ်။ အခက်အခဲတွေတော့ ရှိလိုက်မယ်ပေါ့။

မေး။ ။လူငယ်တွေစားရေးသောက်ရေးအတွက်ကြတော့ရော

ဖြေ။ ။စားရေးသောက်ရေးမှာ ဒေသခံတွေပဲအစအဆုံးတာဝန်ယူမယ်လို့ ပြောထားတယ်။ တစ်ချို့သာသနာနေရာများမှတော့ ဒေသခံတွေအဆင်မပြေဘူးဆိုရင် ကျွန်တော်တို့ဘက်ကနေကုန်ကျစရိတ်ဘယ်လောက်လိုအပ်သလဲ ပြန်ပြီးကျခံဖို့ရှိပါတယ်။

မေး။ ။ အခုလူငယ်ညီလာခံမှာဘာတွေပို့ချသွားမှာလဲ။ ဘယ်သူတွေကပို့ချကြမှာလဲ။

ဖြေ။ ။သင်တန်းမှာဟောပြောပွဲသုံးခုလုပ်ဖို့ရှိတယ်။ အဲ့ဒါတွေကတော့ "လူငယ်နှင့် ပညာရေး" ခေါင်းစဉ်နဲ့ ရောဝတီတိုင်းဝန်ကြီးချုပ်ဟောင်းဦးမန်းဂျော်နီကဟောပြောမယ်။ ပြီးရင် ကျွန်တော်တို့ရဲ့ ကာဒီနယ်ချားလ်ဘိုကနေ "လူငယ်နှင့် ငြိမ်းချမ်းရေး"ဟောပြောမယ်။ ပြီးရင် ဘုန်းတော်ကြီးဘော့စကိုဘိုဘို(SDB)ကနေ "လူငယ်နှင့်အောင်မြင်မှု" ခေါင်းစဉ်နဲ့ ပို့ချချက်ဒီသုံးခုရှိပါမယ်။

မေး။ ။ဒီ့အပြင် တခြားဘာလှုပ်ရှားမှုတွင် ပါဝင်အုံးမလဲ။

ဖြေ။ ။လှုပ်ရှားမှုများအနေနဲ့ သုံးပိုင်းပါဝင်မယ်။ ပထမအနေနဲ့ကတော့ DIP ရှိတယ်။ CONGRESS အတောအတွင်းမှာ DIP အစီအစဉ်ရှိတယ်။ နောက်ပြီးတော့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုပတ်သက်ပြီးပုသိမ်မြို့တစ်မြို့လုံးမှာ၊ ပြီးတော့ မရမ်းချောင်းအနီးတစ်ဝိုက်ရောပုသိမ်မြို့စည်ပင်သာယာနဲ့ပေါင်းပြီးအမှိုက်တွေရှင်းဖို့ အစီအစဉ်ရှိတယ်။ နောက်တစ်ခုကတော့ ချောင်းသာမှာပါဝင်တဲ့လူငယ်တွေအကုန်လုံးသွားပြီး ACTIVITIES တွေအနေနဲ့ GAME ကစားတာတို့ ပြီးတော့ဒီဒေသမှာဘာတွေရှိလဲ၊ ဘာထုတ်ကုန်တွေထုတ်ကြလဲဆိုတာမျိုးတွေ လေ့လာတဲ့ပုံစံပေါ့။

မေး။ ။အခုကျင်းပမည့် လူငယ်ညီလာခံကနေဘာတွေမျှော်လင့်ထားလဲ။ ပြီးတော့ နောက်ဆက်တွဲအနေနဲ့ ဘာတွေဆက်လုပ်သွားမလဲ။

ဖြေ။ ။လူငယ်တွေဆီကနေ သူတို့အချင်းအချင်း မတူကွဲပြားတဲ့ယဉ်ကျေးမှုတွေလေ့နိုင်စေဖို့နဲ့ပြီးတော့ သူတို့ရဲ့ မတူကွဲပြားတဲ့ ယုံကြည်ခြင်းတွေ၊ သူတို့အချင်းချင်းခင်မင်ရင်းနှီးမှုဒါတွေသူတို့ ရဖို့ အဓိကထားတယ် ပြီးတော့ ခေါင်းစဉ်ကိုက "မြန်မာနိုင်ငံလုံးဆိုင်ရာကက်သလစ်လူငယ်များနီးနောဖလှယ်ပွဲတော်" ဆိုတော့ လူငယ်တွေအချင်းချင်းပူးပေါင်းမှု အချင်းချင်းနီးနောဖလှယ်မှုတွေကိုအဓိကထားတယ်။ ပြီးတော့ သာသနာတစ်ခုချင်းစီ အလိုက်ရှိကြတဲ့ လူငယ်ကော်မရှင်အချင်းချင်းပူပေါင်းဆောင်ရွက်ဖို့၊ အဆက်အသွယ်ကောင်းရရှိဖို့နဲ့ အလုပ်လုပ်တဲ့နေရာမှာပိုပြီးအဆင်ပြေသွားအောင် အဓိကထားရည်ရွယ်ပါတယ်။

မေး။ ။ဒီပွဲအတွက် ဘဏ္ဍာရေးဆိုင်ရာအခြေအနေကရောဘယ်လိုရှိလဲ

ဖြေ။ ။ လောလောဆယ်ထိဘဏ္ဍာငွေရှာဖွေနေဆဲပဲရှိပါသေးတယ်။ ကုန်ကျစရိတ်တွေအနေနဲ့ကြတော့ ဆရာတော်တွေ၊ YOUTH DIRECTORS တွေဆီကနေ၊ သာသနာတွေဆီကနေ၊ ပြီးတော့ လူငယ်ကော်မရှင်တွေဆီကနေ၊ ပြီးတော့ ပါဝင်တဲ့ လူငယ်တစ်ဦးချင်းစီကနေတစ်သောင်းစီကောက်ခံတယ်။ ဒီပွဲတော်အတွက် စုစုပေါင်းကျပ်သိန်း ၁၈၀၀၊ ၁၉၀၀ လောက်ကုန်ကျမယ်လို့ မျှော်မှန်းထားတယ်။

မေး။ ။NCYC အနေနဲ့ ဘာတွေလုပ်ဆောင်နေလဲ

ဖြေ။ ။ လောလောဆယ်မှာသုံးနှစ်စီမံကိန်းနဲ့ အင်္ဂလိပ်၊ကွန်ပြူတာသင်တန်းတွေဆက်ရှိနေမယ်။ ပြီးတော့ YOUTH LEADERSHIP DEVELOPMENT CENTER ကနေ ပြုလုပ်တဲ့ FORMATION သင်တန်းရှိမယ်။ ပြီးတော့ ASIAN YOUTH DAY၊ WORLD YOUTH DAY ဒါတွေဆက်ရှိသွားမယ်။

မေး။ ။ဒီအစီအစဉ်တွေကိုလူငယ်ဘယ်နယောက်လောက်ကိုပေးနေလဲ။ သင်တန်းကာလကရောဘယ်လောက်ကြာလဲ။

ဖြေ။ ။သာသနာ ၁၆ ခုမှာသာသနာတစ်ခုကိုလူငယ်နှစ်ဦးစီပေးပါတယ်။ သင်တန်းကာလကတော့ (၉)လကြာပါတယ်။ တစ်နှစ်မှာတစ်သုတ်ခေါ်ပါတယ်။


မေး။ ။ ကျွန်တော့အနေနဲ့ကတော့ ဒီလောက်ပါပဲ။ ဘာတွေ ဖြည့်ပြောဖို့ ရှိအုံးမလဲ။

ဖြေ။ ။ ခုနကပြောဖို့မေ့သွားတာအဲ့ဒါကဒီနှစ်လူငယ်ပွဲမှာသာသနာ ၁၆ ခုကလူငယ်တွေကိုသီချင်းဆိုပြိုင်ပွဲလေးတစ်ခုရှိတယ်။ မယ်တော်ရဲ့ ဂုဏ်ကျေးဇူးကိုချီးမွမ်းပြီးပွဲတော်ရဲ့ THEME ဖြစ်တဲ့ (ကျွန်မသည် ထာဝရဘုရားသခင်၏ အစေခံဖြစ်ပါသည်။ သင်၏စကားအတိုင်း ကျွန်မ၌ ဖြစ်ပါစေ(လုကား၁း၃၈)) ဆိုတဲ့ စကားအတိုင်းသာသနာကိုအစေခံဖို့ သီချင်းစပ်ခိုင်းထားတယ်။ သာသနာ ၁၆ ခုကသီချင်းတွေကို ပြိုင်ပွဲလုပ်ပြီး ပြိုင်ပွဲကထွက်လာတဲ့ သီချင်းကိုလူငယ်ကော်မရှင်ကနေတစ်နိုင်ငံလုံးကိုခွေထုတ်ဖြန့်ချီဖို့ စီစဉ်ထားပါတယ်။ ပြီးတော့ လူငယ်တွေ ဝိညာဉ်ရေးပိုင်းဆိုင်ရာမှာကျမ်းစာဖတ်တဲ့အပိုင်းမှာအားနည်းလာတဲ့အတွက် ကျမ်းစာပြိုင်ပွဲပြုလုပ်ပေးဖို့ရှိတယ်။ ပြီးတော့ VOCATIONAL PROMOTION အနေနဲ့ ပြဇာတ်တစ်ခုပါမယ်။လူငယ်တွေအနေနဲ့ အသင်းတော်ကိုဘယ်လိုဆက်လက်ရှင်သန်အောင်ကြိုးစားမလဲ။ လူငယ်တွေရဲ့ အခန်းကဏ္ဍ ဘယ်လောက်အရေးကြီးလဲဆိုတာ ပြဇာတ်နဲ့ သရုပ်ဖော်သွားဖို့ရှိတယ်။ ပြီးတော့ ပြင်သစ်နိုင်ငံတေဇေအဖွဲ့ကနေကိုရင်နှစ်ပါးရောက်ရှိလာပြီးတေဇေပွဲပါဝင်သွားဖို့ရှိတယ်။ ပြီးတော့ လူငယ်တွေ ကားတိုင်လှည့်ခြင်းအစီအစဉ်တွေပါဝင်ပါမယ်။

မေး။ ။ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ခင်ဗျာ။

**မယ်တော်၏ လဖြစ်သော မေလတွင် မယ်တော်မာရီယား အား သဒ္ဓါကြည်ညိုစိတ်ဖြင့် ပုတီးစိပ်ကြပါစို့**

# အဋ္ဌမအကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ကက်သလစ်လူငယ်များ နီးနော့ဖလှယ်ပွဲနှင့် စုပေါင်း ဆုတောင်းပွဲတော်




အဋ္ဌမ အကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ကက်သလစ်လူငယ်များ နီးနော့ဖလှယ်ပွဲနှင့် စုပေါင်း ဆုတောင်းပွဲတော်ကို ဧပြီလ ၂၃ ရက် ညနေပိုင်းတွင် ပုသိမ်မြို့ ရွှေနလုံးတော် ရဟန်းဖြစ်သင်ကျောင်းတွင် စတင်ဖွင့်လှစ်ကျင်းပခဲ့ပါသည်။

ဧပြီလ ၂၃ ရက် ညနေ ၃ နာရီခန့်တွင် ပွဲတော် ခန်းမအတွင်းသို့ သာသာနာ အသီးအသီးမှ လူငယ်များ စုံညီစွာ အသီးသီး နေရာယူခဲ့ပြီး ၃ နာရီခွဲ အချိန်တွင် ပွဲတော ဖွင့်ပွဲ အခမ်းအနားကို စတင်ခဲ့သည်။

## ပွဲတော်အခမ်းအနား ဖွင့်လှစ်ခြင်း

အခမ်းအနား ဖွင့်ပွဲ စတင်ရာတွင် ကာဒီနယ်ကြီး ချားလ်စ်ဘိုမှ လူငယ်ပွဲတော် အလံကို ကောင်းချီးပေး၍ လူငယ်များမှ လူငယ်သီချင်း အတူသီဆိုကြကာ အဋ္ဌမ အကြိမ်မြောက် လူငယ်ပွဲတော် အလံ၊ မြန်မာ ကက်သလစ် သာသနာ အလံနှင့် လူငယ်ပွဲတော် အလံတို့ကို လွှင့်ထူခဲ့သည်။ ထို့နောက် ကာဒီနယ်ကြီး ချားလ်ဘို၊ ပုသိမ် ဂိုဏ်းအုပ် ဆရာတော် ဂျွန်ဆိန်းဟှီ၊ မြန်မာနိုင်ငံလုံး ဆိုင်ရာ ဘုန်းတော်ကြီး ဂျိုးဇက် အယ်ကော်ထူး နှင့် လူငယ်ဥက္ကဋ္ဌ ပီတာ လထွယ်တို့သည် ဖဲကြိုးဖြတ်ပြီး ပွဲတော်ကို ဖွင့်လှစ်ပေးခဲ့ကြသည်။

## အဋ္ဌမ အကြိမ်မြောက် ကက်သ လစ် လူငယ်များ နီးနော ဖလှယ်ပွဲနှင့် စုပေါင်း ဆုတောင်းပွဲ စတင်ခြင်း

အဋ္ဌမ အကြိမ်မြောက် လူငယ်ပွဲတော်ကို စတင်ကျင်းပခဲ့ရာ သာသနာ အသီးသီးမှ လူငယ် ဥက္ကဋ္ဌများနှင့် ခေါင်းဆောင်များသည် ကာဒီနယ် ချားလ်ဘို၊ ပုသိမ် ဆရာတော်ကြီး၊ ရဟန်းတော်များနှင့် အတူ လူငယ်ပွဲတော် ဖယောင်းတိုင်၊ သမ္မာကျမ်းစာတော်မြတ်၊ လူငယ်ပွဲတော် ကားတိုင် နှင့် သာသနာအလံ အသီးသီးကို ကိုင်ဆောင်ကာ ပွဲတော်ခန်းမထဲသို့ ကြွရောက်ပြီး စင်မြင့်ပေါ်သို့ တက်ရောက် နေရာယူခဲ့ကြသည်။ စင်မြင့်ပေါ်တွင် မန္တလေးနှင့် လားရှိုးသာသနာမှ လူငယ်များမှ လူငယ်ပွဲတော် ကားတိုင်ကို ပုသိမ် သာသနာ လူငယ်များထံ လွှဲပြောင်း ပေးအပ်ခဲ့ကြရာ MNCYC Theme Song ကို လူငယ်များ အတူတကွ သီဆိုခဲ့ကြသည်။ ထို့နောက် ပုသိမ် ဆရာတော်ကြီး ဂျွန်ဆိန်းဟှီမှ လူငယ်များအား ကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။

## ဆရာတော်ကြီး ဂျွန်ဆိန်းဟှီ၏ နှုတ်ခွန်းဆက် အမှာစကားအကျဉ်း

၈ ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ်ပွဲတော်ကို လက်ခံကျင်းပခွင့်ရသည့် အတွက် ကျေးဇူးတင်ကြောင်း၊ ပါဝင် တက်ရောက်သူအသီးသီးနှင့် ပူးပေါင်းဆောင်ရွက်ကြသူများ၊ ကာဒီနယ်ကြီးနှင့် ရဟန်း ဘုန်းတော်ကြီးများအား ကျေးဇူးတင်ကြောင်း၊ လူငယ်များ၏ ယုံကြည်ခြင်းနှင့် စိတ်အား ထက်သန်ခြင်းများသည် သတင်းကောင်းများ ဖြစ်၍ ခရစ်တော်ကို ယုံကြည်သော အသင်းတော်၏ အမှတ်လက္ခဏာများ ဖြစ်ကြောင်း၊ မကောင်းမှုနှင့် လွှမ်းမိုးနေသော ကမ္ဘာကြီးအတွက် မျှော်လင့်ချက်ရှိကြောင်း သင်တို့အားဖြင့် သိရကြောင်း၊ သင်တို့သည် လူသားထု တစ်ရပ်လုံးကို မျှော်လင့်ခြင်း ပေးနေသူများ ဖြစ်ကြောင်း၊ ချစ်လေးမြတ်ခြင်း ရှိလျှင် ယုံကြည် ခင်း ရှိကြောင်း ယနေ့ လူငယ်ထုက သက်သေခံနေကြောင်းနှင့် ဆက်လက်ပြီး ယခု လူငယ်ထုက နယ်အသီးသီးတွင် နှုတ်အားဖြင့် လည်းကောင်း၊ အကျင့် အားဖြင့် လည်းကောင်း ဆက်လက် သက်သေခံမည်ကို ယုံကြည်ကြောင်း၊ လူငယ်များသည် လူ့အခွင့်အရေး၊ တရားမျှတရေးနှင့် ချစ်ခြင်းနှင့် ငြိမ်းချမ်းခြင်းရှိဖို့ စိတ်အား ထက်သန်နေကြပြီး ကြိုးစားလျှက် ရှိသည်ကို ကျွန်ုပ်တို့ ယုံကြည်ကြောင်း၊ ဆန္ဒ၊ ဝရိယ၊ စိတ်ဓာတ်၊ ပညာ သည် အောင်မြင်မှုကို ရမည့် နည်းစနစ်တစ်ခု ဖြစ်ကြောင်း၊ ထိုအရာများသည် လူငယ်ထုတွင် ရှိသည်ကို ယုံကြည် ကြောင်း၊ ဘုရားသခင်၏ နိုင်ငံတော်၊ သခင်ခရစ်တော် အကြောင်းကို လူငယ်များမှ နှုတ်အားဖြင့် သော်လည်းကောင်း၊ အကျင့် ပုံစံအားဖြင့် သော်လည်းကောင်း ဖော်ဆောင်ကြခြင်းဖြင့် နိုင်ငံတော် ဖြစ်တည်ခြင်းတွင် ကူညီနိုင်မည် ဖြစ်ကြောင်း၊ မကောင်းသော ပုံသက်သေပြခြင်းသည် အင်မတန် အပြစ်ကြီးကြောင်း သူတစ်ပါးကို မကောင်းသော ပုံသက်သေပြသော သူသည် လည်ပင်းကို ကျောက်တုံးစွဲပြီး ခန်ချတာက ပိုကောင်းကြောင်း မိမိ ညာဘက်လက်သည် အပြစ်သို့ ရောက်စေလျှင် ထိုလက်ကို ဖြတ်ပစ်လော့ ဟူ၍ လည်းကောင်း ပြောကြားထားကြောင်း၊ အဆိုး လွှမ်းမိုးနေသော လောကကို လူငယ် အပေါင်းမှ လောက၏ အလင်းဟု ဆိုထားချက်ကို အကောင်ထည် ဖော်ချင်စိတ် ပြင်းပြပြီး စိတ်ဓာတ်မြင့်မားအောင် ထားကြရန်၊ ပညာမြင့်မားရန် ကြိုးစားကြရန် ဆရာတော်ကြီးက ဆုံးမလမ်းညွှန်ခဲ့သည်။

ထို့နောက် ဘုန်းတော်ကြီး ဘော့စကို ဘိုဘိုမှ ပုပ်ရဟန်းမင်းကြီး ဖရန်စစ်၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်တော် ပေါလ် ချန်အင်နမ်၏ သတင်းစကား သဝဏ်လွှာကို ဖတ်ကြားပေးခဲ့သည်။

## ပုပ်ရဟန်းမင်းကြီး ဖရန်စစ်၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်တော်၏ အမှာစကားအကျဉ်း

မြန်မာနိုင်ငံ ကက်သလစ် အသင်းတော်ရှိ လူငယ်များ၏ နလုံးသားများသည် ဝမ်းမြောက် ပျော်ရွှင်ခြင်း၏ အဓိက အရင်းခံဖြစ်သော သခင်ခရစ်တော် အတွက် ချစ်ခြင်းမေတ္တာ မီးလျှံများဖြင့် တောက်လောင်လျှက် ရှိသည့်အတွက် ဂုဏ်ယူ ဝမ်း မြောက်ကြောင်း၊ ကျင့်ကြံမှုမရှိသော ယုံကြည်ခြင်းသည် အသေဖြစ်သည်ဟု သခင်ဘုရား မိန့်တော်မူကြောင်း၊ သခင်ဘုရားသည် လူအများ ကယ်တင်ခြင်းအတွက် မိမိကိုယ်တိုင် အသက်စွန့်သည့် နည်းတူ လူသားသည် သူတစ်ပါးကို စေခိုင်းခြင်းငှာ ကြွလာခြင်း မဟုတ်ဘဲ အစေခံရန်အတွက် ဖြစ်သည်ဟု ပြောထားသည် နှင့် လျော်ညီစွာ နီးနော ဖလှယ်ပွဲတော်၏ အဓိက ဆိုလိုရင်းမှာ "ဝမ်းမြောက် ရွှင်လန်းသော ဘုရာသခင်၏ အစေခံ" ဟု ရွေးချယ်ထားခြင်းမှာ ယခု ပွဲတော် လူငယ်များ၏ အစေခံဘဝ အသက်တာကို လိုက်နာ အတုယူလိုသော ဆန္ဒကို မြင်သာစေကြောင်း၊ ထို့နောက် ကျမ်းစာတော်မြတ်ကို နေ့စဉ်ဖတ်ရှုကာ သန့်ရှင်းသော ဝိညာဉ်တော်ဘုရား၏ ပြည့်ဝစွာ နေထိုင်ကြရန် မှာကြားလိုကြောင်း၊ သခင်ဘုရား၏ လမ်းစဉ်ကို လျှောက်လှမ်းခြင်း၊ ခရစ်တော်ထံ ဆုတောင်းခြင်း၊ နူကပါတ် တရား ဟောပြောခြင်းဖြင့် အစေခံရန်၊ စိန်ခေါ်မှု အခက်အခဲများ၊ အသရေ ဖျက်ခြင်းများနှင့် ကြုံတွေ့လျှင်လည်း ခရစ်တော်သည် သင်တို့ကို ချစ်ကြောင်း အမှတ်ရ ရန်နှင့် စိတ်သဘောထား ပြည့်ဝစွာ ဝမ်းမြောက် ရွှင်လန်းစွာ အစေခံရန်နှင့် သန့်ရှင်း စင်ကြယ်လှသော မယ်တော်ကို ကိုးစားလျှက် ဘုရားရှင်၏ အလိုတော်ကို နိမ့်ချရိုးသားစွာ အစေခံရန် မှာကြားတိုက်တွန်းခဲ့သည်။

ထို့နောက်တွင် ပွဲတော် အခမ်းအနား တရားတော်မြတ်ကို ကာဒီနယ်ကြီးမှ ဦးဆောင်ပြီး၊ ပုသိမ်ဆရာတော်ကြီး နှင့် ရဟန်းတော်များ ခြံရံလျှက် ပူဇော် ပေးခဲ့ကြသည်။

## မစ္ဆားတရားတွေ ပေးသော ကာဒီနယ် ချားလ်ဘို၏ သြဝါဒ အကျဉ်း

လူငယ်များ ယခုကဲ့သို့ တစ်စိတ်တစ်ဝမ်းတည်း အတူလာရောက် ကြခြင်းသည် မင်္ဂလာဖြစ်ကြောင်း၊ ယခုစုရုံးခြင်းသည် မြန်မာပြည် ငြိမ်းချမ်းနှင့် ညီညွတ်ခြင်းတို့၏ သက်သေဖြစ်ကြောင်း မဂ္ဂာပ ပြောကြားခဲ့သည်။ ဆက်လက်ပြီး အစေခံခြင်းနှင့် ပျော်ရွှင်ခြင်းတို့၏ ဆန့်ကျင်ဘက် အနက်နှစ်ခုကို ရှင်းပြခဲ့ပြီး ဘုရားသခင်ကို အစေခံခြင်းသည် ပျော်ရွှင်စရာ ဖြစ်ပြီး၊ ထိုပျော်ရွှင်ခြင်း အသက်တာသည်လည်း ခရစ်အသက်တာ ဖြစ်ကြောင်း၊ စစ်မှန်သော ပျော်ရွှင်ခြင်းသည် အပြစ်ကင်းကြောင်း၊ နှောင့်ယှက်ခြင်းကင်းကြောင်း၊ ဘုရားသခင်၏ အလိုတော်ကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း။ အစေခံခြင်းနှင့် လွတ်လပ်ခြင်းကိုလည်း မှန်ကန်စွာ အနက်ဖွင့်ရန် လိုကြောင်း မီးမောင်း ထိုးပြခဲ့သည်။ သန့်ရှင်းမြင့်မြတ်ခြင်းသည် ပျော်ရွှင်ခြင်း၌ တည်သကဲ့သို့ ပျော်ရွှင်ခြင်းရရှိရန် အပြစ်မှကင်းဖို့ ဘုရားသခင်၏ လက်တော်၌ မိမိကိုယ်ကို အပ်နှံထားကြဖို့ တိုက်တွန်းခဲ့သည်။

## ပွဲတော် အစီအစဉ်များ

အခြားပွဲတော်များနှင့် မတူသော ထူးခြားချက်တစ်ခုမှာ လူငယ်များအား သာသနာအုပ်စုများထံသို့အဖွဲ့လိုက်သွားရောက်နေထိုင်စေခြင်းဖြစ်သည်။ လူငယ်များ သည် မတူညီသော ယဉ်ကျေးမှု ဓလေ့ ထုံးစံ များနှင့် တူညီသော ယုံကြည်အသက်တာကို မိမိတို့ကိုယ်တိုင် တွေ့မြင်နိုင်ကြ မည် ဖြစ်သည်။

ဟောကြား ပို့ချခြင်းတွင် ကာဒီနယ်ချားလ်စ်ဘို၏ "လူငယ်နှင့် ငြိမ်းချမ်းရေး လုပ်ဆောင်ချက်" ဓရာဝတီတိုင်း ဒေသကြီး၏ ဝန်ကြီးချုပ်ဟောင်း မန်းဂျော်နီ ၏ "လူငယ်နှင့် ပညာရေး" ဖါသာရ် ဘော့ စကို ဘိုဘို၏ "လူငယ်နှင့် အောင်မြင်မှု" တို့ ပါဝင်သည်။

နေ့စဉ် အချိန်စာရင်းတွင် လူငယ်များအတွက် အတူတကွ ဆုတောင်းခြင်း၊ ရိုးရာယဉ်ကျေးမှု အဆို အကများဖြင့် တင်ဆက်ဖျော်ဖြေခြင်း၊ အဖွဲ့အလိုက် လှုပ်ရှားမှုများလည်း ပါဝင်သည်။ ချောင်းသာ ကမ်းခြေသို့ သွားရောက်လည်ပတ်ခြင်း၊ ပုသိမ်မြို့ အနီးအနားတွင် အမှိုက် ကောက်ခြင်း စသည့် ထူးခြားလှုပ်ရှားမှုများဖြင့် လူငယ်များအတွက် အကျိုးရှိမည့် အတွေ့အကြုံ တစ်ခု ဖြစ်နိုင်ရန် စီမံထားပါသည်။

Peter Chan Zaw Aung
CBCM-OSC

# Youth Voice

## လူငယ်ပွဲတော် တက်ရောက်ရန် အလုပ်မှ ထွက်ခဲ့ရသူ

By: Peter Chan Zaw Aung



မခရစ်စတင်း ပန်းဖြူဖြူဇော် (တောင်ကြီးသာသနာ)

မေး။ ။ညီမရဲ့အမည်နဲ့ ညီမ ဘယ် သာသနာက လာတယ်ဆိုတာရယ်၊ ဒီပွဲတော်ကို ဘယ်လို တက်ဖြစ်လဲ ဆိုတာရယ် ပြောပြပေးပါအုံး။

ဖြေ။ ။ညီမနာမည်ကတော့ ခရစ်စတင်း ပန်းဖြူဖြူဇော် လို့ ခေါ်ပါတယ်ရှင့်။ ညီမတို့ကတော့ တောင်ကြီး သာသနာကနေ လာခဲ့တာပါရှင့်။ ညီမ ဒီပွဲတော်ကို လာတက်ရတာကတော့ ညီမ ဒါမျိုး ပွဲတော်မျိုး တစ်ခါမှ မတက်ဖူး ခဲ့ဘူး။ သုံးနှစ်မှ တစ်ကြိမ်ဆိုတော့ ဒီအကြိမ် ပွဲတော်ကို တက်ဖြစ်အောင် တက်တာပေါ့။ ပြီးတော့ ဒါမျိုး လူငယ် အများကြီးနဲ့ ပွဲတော်မှာ အတွေ့အကြုံ လည်း လိုချင်လို့ပါရှင့်။

မေး။ ။Days in Parish အစီအစဉ်မှာ ဘယ်နေရာကို သွားခဲ့ရလဲ။ အဲ့ဒီမှာ ညီမရခဲ့တဲ့ အတွေ့အကြုံလေး ပြောပြပါအုံး။

ဖြေ။ ။Days in Parish အစီအစဉ်မှာ ဟသ်ာတ မြို့နယ် သဲဖြူ သာသနာစီရင်စု၊ ပေါက်ကုန်း ကျေးရွာပါရှင့်။ အဲ့မှာ ရခဲ့တဲ့ အတွေ့အကြုံဆိုရင် သူတို့ရဲ့ သူစိမ်း အပေါ်မှာ ဖော်ဖော်ရွေရွေ ဆက်ဆံတာဟာ ညီမအတွက်တော့ ထူးခြားတဲ့ အရာ တစ်ခုပါရှင့်။ သူတို့ဆီမှာ ဘာသာ စကားကလည်း သူတို့နဲ့ သွားပြောရင်လည်း ညီမတို့အနေနဲ့ သိပ်ပြီး နားမလည်ဘူးရှင့်။ သူတို့ကျတော့ သူတို့ ဒေသအလိုက် စကားပြောတယ်။ ညီမတို့ကလည်း ညီမတို့ဒေသအလိုက် စကားပြောတော့ တစ်ယောက်နဲ့ တစ်ယောက်က သိပ်ပြီး မပြောတတ်ဘူး။ သူတို့နဲ့ စကားပြောတဲ့အချိန် သဘာဝ ပတ်ဝန်းကျင် အကြောင်းသိရတယ်။ အမှိုက်ကို တစ်ချို့နေရာတွေမှာ ကျတော့ စနစ်တကျ စွန့်ပစ်တာရှိတယ်။ တစ်ချို့နေရာကျတော့ ဒီအတိုင်း စွန့်ပစ်ကြတာရှိတယ်။ ညီမတို့က အဲ့ဒါကို ကိုယ့်ရပ်ရွာ ဒေသကို ရောက်သွားခဲ့ရင်လည်း အမှိုက်တွေကို ဘယ်လို စနစ်တကျ စွန့်ပစ်ကြမလဲ ဆိုတာကို ဝေငှချင်ပါတယ်။

မေး။ ။ဒီသင်တန်းကို လာဖို့ ညီမ အတွက် ဘယ်လိုမျိုး အခက်အခဲတွေ ရှိခဲ့လဲ။

ဖြေ။ ။ညီမ ဒီကိုလာဖို့ အလုပ်ထွက်ပြီး လာခဲ့ရပါတယ်။ သူဌေးက အလုပ်ကို မပျက်ခိုင်းစေချင်ဘူး။ ညီမက ကျတော့ ဒီကိုလာဖို့ ခွင့်ရက်ရှည် ယူရပါ တယ်ရှင့်။ ဒါပေမယ့် ခွင့်က ရက်ရှည်မရဘူး။ ဒါကြောင့် ညီမအလုပ်က တစ်ခါတည်း ထွက်ခဲ့ရပါတယ်ရှင့်။

မေး။ ။အလုပ်က ဘာအလုပ်လဲ။ ဘယ်မှာ လုပ်ခဲ့တာလဲ ခင်ဗျ။

ဖြေ။ ။ အရောင်းအဝယ်ပါပဲရှင့်။ အရောင်း အဝယ် အေ့ဂျင့်တစ်ခုပါပဲ။

## ရိုးသားသူများနှင့် ရိုးစင်းစွာ

ဧပြီလ ၂၄ ရက်နေ့ မနက် ၆နာရီခွဲ အချိန်တွင် ပုသိမ်ဆရာတော်ကြီး ဂွန် မန်ဆိန်းဟို ဦးဆောင်၍ တရားတော်မြတ် ဟောကြားခဲ့ပါသည်။ တရားတော်မြတ် အပြီးတွင် သာသနာ အသီးသီးမှ လူငယ်များ သည် ၎င်းတို့သွားရောက် တည်းခို လည် ပတ်ကြမည့် နေရာများသို့ စီစဉ်ထား သည့် ကားများဖြင့် ထွက်ခွာခဲ့သည်။

### "ကုန်း" ရွာများသို့

မနက် ၈ နာရီခွဲခန့် အချိန်တွင် သာသနာ အသီးသီးမှ လူငယ် ၆၁ ယောက် သည် "ရွှေကုန်း" သာသနာ စီရင်စုရှိ "ကုန်း" ရွာ များသို့ ကားများဖြင့် ထွက်ခွဲခဲ့ကြ သည်။ ပုသိမ်-ရန်ကုန် လမ်းတစ်လျှောက် တစ်နာရီ ခွဲခန့် ကားစီးပြီးနောက် နံနက် ၁၀နာရီခွဲခန့်အချိန်တွင် လေ့ဆိပ်သို့ ရောက် ရှိခဲ့ကြသည်။ ထိုမှ စက်လှေများဖြင့် ၁ နာရီ ခန့် ဆက်လက် ထွက်ခွဲခဲ့ရာ နေလည် မွန်းတည့် လုချိန်တွင် ကန်းကြီးထောင့်မြို့ နယ်တွင်တည်ရှိသည့် "ရွှေကုန်း" သာသ နာအုပ်စုသို့ ရောက်ရှိခဲ့ ကြသည်။

လေ့ဆိပ်တွင် ကျေးရွာ လူကြီးများ နှင့် လူငယ်များ လာရောက် ကြိုဆို ခဲ့ကြပြီး နေ့လည်စာဖြင့် ဧည့်ခံကျွေးမွေးခဲ့သည်။ ထို့ နောက် လူငယ် ၁၄ ယောက်မှ အပ ကျန် လူငယ်များသည် မိမိတို့ တည်းခိုကြမည့် "ကံကုန်း၊ မေရီကုန်း၊ ကျွန်းကုန်း" ရွာများသို့ စက်လှေများဖြင့်သော်လည်းကောင်း၊ ထော် လာဂျီများဖြင့် သော်လည်းကောင်း ဆက် လက် ထွက်ခွါခဲ့ကြသည်။

### "ရောင်သွေးညီ တူညီဝတ်စုံများဖြင့် မေရီကုန်းရွာမှ သက်ထွေးလူငယ်များ"

"မေရီကုန်းရွာ နှင့် ကျွန်းကုန်းရွာ" သို့တည်း ခိုကြမည့် လူငယ် ၃၁ ယောက်သည် ရွှေ ကုန်းရွာမှ စက်လှေများဖြင့် ဆက်လက် ထွက်ခွာကြရာ ၁၅ မိနစ်ခန့် အကြာတွင် "မေရီကုန်း" ရွာသို့ ရောက်ရှိခဲ့သည်။ လှေ ဆိပ်တွင် တူညီဝတ်စုံများ ဝတ်ဆင်ထား သော သက်ထွေးလူငယ် ၄၀ ခန့်နှင့် အသ က် ၅၀ ခန့်ကျေးရွာလူကြီးများ၊ လူလတ်ပိုင်း အရွယ်များ စုစုပေါင်း လူဦးရေ ၆၀ ခန့်သည် လူငယ်များကို ဆီးကြို နှုတ်ဆက်ကြသည်။ ထို့နောက် ကျေးရွာ ဘုရားကျောင်း (စိန့် မေရီ ဘုရားရှိခိုးကျောင်း) မယ်တော်ဂူ ရင် ပြင်တွင် လူငယ်များမှ တစ်ဦးချင်းစီ မိတ် ဆက်ခဲ့ကာ ကလေး သူငယ်များမှ အက များဖြင့် ကပြ ဖျော်ဖြေခဲ့ကြသည်။

### မိသားစုများနှင့်သွားရောက်နေထိုင်ခြင်း

ထို့နောက် လူငယ် တစ်ယောက် ခြင်းစီကို လည်းကောင်း နှစ်ယောက် တစ် တွဲစီ သော်လည်းကောင်း၊ ၎င်းတို့ တည်းခို ရမည့် နေအိမ်မှ ဘာသာဝင်များမှ လာ ရောက် ခေါ်ဆောင်ခဲ့ကြသည်။ လူငယ်များ သည် "မေရီကုန်း" ကျေးရွာ ဘာသာဝင် မိသားစုများနှင့် ရင်းနှီး ကျွမ်းဝင်စွာ တစ်ည တာ နေထိုင်ခဲ့ကြသည်။

### မေ့မရတဲ့ ညတစ်ည (၂၄ ရက်နေ့ည၊ မေရီကုန်းရွာ)

ခမ်းနား ထည်ဝါလှသော RC နှစ်ထပ် ဆောင်ကြီးရှေ့တွင် ကြီးကျယ် သော စတိတ်စင်ကို ပြင်ဆင်ထားသည်။ ထိုအဆောင်ကြီးသည် ကျေးရွာ အထက် တန်းကျောင်း ကျောင်းဆောင် ၃ခုအနက်မှ တစ်ခုမျှသာ ဖြစ်သည်။ မြို့ပြနှင့် အလှမ်း ဝေးပြီး လမ်းပန်းဆက်သွယ်ရေး အဆင်



မပြေလှသော မေရီကုန်း ကျေးရွာမျိုးတွင် ယခုကဲ့သို့ ထည်ဝါလှသော အထက်တန်း ကျောင်းဆောင်များကို မြင်ရသည်မှာ အ မြင်ကို လှည့်စားသကဲ့သို့ မယုံကြည်နိုင် လောက်အောင် ရှိနေသည်။ မေရီကုန်း ကျေးရွာသည် ရွာလုံးကျွတ်နီးပါး ကက်သ လစ် ခရစ်ယာန်များ နေထိုင်ကြပြီး အိမ်ခြေ ၁၀၀ ကျော် ရှိသည်ဟု သိရပါသည်။ မေရီ ကုန်း ကျေးရွာ၏ လယ်ကွက် နှစ်ကွက်စာ အကွာတွင် ကျွန်းကုန်းရွာ တည်ရှိသည်။ ၎င်းရွာသည်လည်း ကက်သလစ် ခရစ်ယာန် များ နေထိုင်ကြသည့် ကျေးရွာပင်ဖြစ်သည်။ ညနေ ၆နာရီခွဲခန့် ဆည်းဆာ နေဝင် အချိန်တွင် လယ်ကွက်များအကြား ဖောက် လုပ်ထားသော ရွာချင်းဆက် ကွန်ကရစ် လမ်းမ ထက်တွင် ကျွန်းကုန်း ကျေးရွာမှ အ သက် ၆၀ ခန့် အမယ်ကြီးများသည် ၎င်း တို့၏ မြေးများ (ကလေးငယ်များဖြစ်သည် သို့သော် စာရေးသူက ၎င်းတို့၏ မြေးငယ် များဟု ယူဆမိသည်) လက်ကို ဆွဲ၍ သော် လည်းကောင်း၊ အဖိုးကြီးများသည် အခမ်း အနားတက် ပုဆိုးအကျီများကို သပ်သပ် ရပ်ရပ် ဝတ်ဆင်၍ သော်လည်းကောင်း၊ ရွာခံ ကာလသားများနှင့် အမျိုးသမီးငယ်များ သည် ရိုးရာကရင်ဝတ်စုံများကို လည်း ကောင်း အသီးသီး ဝတ်ဆင်ကျ၍ မေရီကုန်း ရွာသို့ လာနေကြသည်။ ၎င်းတို့သည် မေရီ ကုန်းရွာ စာသင်ကျောင်း အဆောက်အဦး ရှေ့က စတိတ်စင်ကြီးသို့ လာကြခြင်း ဖြစ်သည်။

မေရီကုန်းရွာနှင့် ကျွန်းကုန်းရွာ သားများသည် ၎င်းတို့ထံ လာရောက်ခဲ့ ကြသော "၈ ကြိမ်မြောက် မြန်မာနိုင်ငံလုံး ဆိုင်ရာ ကက်သလစ်လူငယ်များ နီးနော ဖလှယ်ပွဲနှင့် စုပေါင်း ဆုတောင်းပွဲ" မှ လူ ငယ် မောင်မယ်များကို နွေဦးဘက်က သက်ထွေးလူငယ်များဖြင့် ကပြ ဧည့်ခံကြို ဆိုမှုဖြင့် အားမရသေးဘဲ ညပိုင်းတွင် ကြို ဆိုဂုဏ်ပြုပွဲ ထပ်မံကျင်းပပေးခြင်းဖြစ်သည်။

စာမျက်နှာ ၂၂ သို့

# "ကျွန်ုပ်လည်း သင်တို့နှင့်အတူ ရှိပါတယ်" ဟု ပုပ်ရဟန်းမင်းကြီး သတင်းစကားဆို

ကိုလံဘီယာတွင်ကျင်းပနေသော ကမ္ဘာတဝှမ်းမှ ခရစ်ယာန်များ ညီလာခံ (Global Christian Forum) ကျင်းပနေကြသော ခရစ်ယာန်ဂိုဏ်းအသီးသီးမှ ကိုယ်စားလှယ်များထံသတင်းစကားပေးပို့ခဲ့သည် ၅ ရက်ကြာကျင်းပမည်ဖြစ်သော ညီလာခံကို "အပြန်အလှန် ထားရှိသော ချစ်မေတ္တာကို ရှင်သန်စေကြလော့" ဟု ခေါင်းစည်းတပ်ထားပြီး ခရစ်ယာန်များစည်းလုံးညီညွတ်ခြင်းကို မြှင့်တင်ရန် ရည်ရွယ်သည်။ ထိုညီလာခံသို့ ပုပ်ရဟန်းမင်းကြီး ခရစ်ယာန် စည်းလုံးညီညွတ်ရေး ကော်မရှင် ကိုယ်စား ဖါသာရ် ဂုန်းမက်ဇ် တက်ရောက်ပြီး ပုပ်ရဟန်းမင်းကြီး၏ သဝဏ်လွှာကို ဖတ်ကြားပေးခဲ့သည်။

ပုပ်ရဟန်းမင်းကြီးက ပါဝင် တက်ရောက် လာကြသူများနှင့် တစ်စိတ်တစ်ဝမ်းတည်းရှိပါကြောင်း၊ ယခုညီလာခံသည် ခရစ်တော်သခင်ကိုယ်တော်တိုင် ဆုတောင်းခဲ့သည့် ညီညွတ်ခြင်းအတွက် အနယ်နယ်အရပ်ရပ်မှ ညီအစ်ကိုမောင်နှမများကဲ့သို့ အတူစုရုံးလာခြင်းသည် အကောင်း ဆုံးသော ကျေးဇူးတော်အချိန်ဖြစ်ပါကြောင်းနှင့် ညီလာခံ တစ်ဦးစီနှင့် အသင်းတော်တိုင်း၏ ယုံကြည်ခြင်းကို ပွင့်လင်းလေးစားမှုဖြင့် မျှဝေသည့် အချိန် အခါ ဖြစ်စေရန် ဆုတောင်းပေးနေကြောင်း သတင်းစကားပေးပို့ခဲ့သည်။ ယခုကမ္ဘာကြီးသည် လေးစားခြင်း၊ အပြန်အလှန် ခွင့်လွှတ်ခြင်း၊ လူ့ဂုဏ်သိက္ခာကို အခြေအနေတိုင်းတွင် ကာကွယ်ပေးနိုင်သော စည်းလုံး ညီညွတ်ခြင်းကို အလွန် လိုအပ်နေသည်။ ထို့ကြောင့် ညီလာခံ အောင်မြင်ပါစေကြောင်းဆန္ဒပြုလိုက်သည်။




Ref: Vatican Radio

# ပုပ်ရဟန်းမင်းကြီးက သူ့ပွဲနေ့တွင် အိမ်ခြေမဲ့ ၃၀၀၀ ကျော်အား ရေခဲမုန့်ကျွေးခဲ့




ပုပ်ရဟန်းမင်းကြီး ဖရန်စစ်၏ နာမည်ရင်းမှာ ဟော်ဟဲ မာရီယို ဘရေဂေါလီယို ဖြစ်သည်။ ဆေး ကြောခြင်း နာမည်မှာ ဟော်ဟဲ ဖြစ်ပြီး ထို အမည်မှာ အင်္ဂလိပ် ဂျော့ဂျ် အမည်ကို စပိန်ဘာသာစကားဖြင့် ခေါ်ဆိုခြင်း ဖြစ်သည်။

ဧပြီလ ၂၃ ရက်နေ့သည် စိန်ဂျော့ဂျ်၏ ပွဲနေ့ဖြစ်သည့်အတွက် ပုပ်ရဟန်းမင်းကြီး၏ ပွဲနေ့ဖြစ်သည်။ ပုပ်ရဟန်းမင်းကြီး ပွဲနေ့တိုင်း ဗာတီကန်အတွက် ရုံးပိတ်ရက် ဖြစ်သည်။

သူ၏ ပွဲနေ့ နှင့် မွေးနေ့များတွင် ဆင်းရဲသားများအတွက် ထူးထူးခြားခြား လုပ်ပေးလေ့ရှိသည့်အတိုင်း ယခုနှစ်တွင် အိမ်ခြေမဲ့သူများအား ရေခဲမုန့် ကျွေးရန် စီစဉ်ခဲ့သည်။ ထိုအစီအစဉ်ကို ကက်သလစ်ဂရုဏာ အသင်းက တာဝန်ယူခဲ့သည်။

ပုပ်ရဟန်းမင်းကြီးသည် ရေခဲမုန့်အပြင် ဆင်းရဲသားများအား ဆပ်ကပ်ပွဲဖြင့် ဖျော်ဖြေခြင်း၊ တောင်ပေါ်ဒေသတစ်ခုသို့ ပျော်ပွဲစား ခေါ်သွားခြင်း။ ပီဇာဖြင့် နေ့လည်စာ ဧည့်ခံခြင်းများလည်း ပြုလုပ်ပေးလေ့ရှိသည်။ ယခုနှစ် နွေရာသီသည် ရောမမြို့တွင် အပူချိန် အလွန်မြင့်မားမည် ဖြစ်သည် အတွက် နေစရာမရှိသူများအား တောင်ပေါ်ဒေသတစ်ခုသို့ ခရီးထွက် စီစဉ်ပေးလိမ့်မည် ဟု ထင်မြင်ချက်များ မီဒီယာများ တွင် ရေးသားဖေါ်ပြထားကြသည်။

Ref: CNA

# ၅၂ ကြိမ်မြောက် ကမ္ဘာ့ဆက်သွယ်ရေးနေ့ - မေလ ၁၃ ရက် ၂၀၁၈

## အမှန်တရားသည် သင်တို့ကို လွတ်လပ်စေလိမ့်မည် (ယောဟန် ၈း၃၂)
## သတင်းမှားများနှင့် ငြိမ်းချမ်းရေးအတွက် သတင်းထောက်လုပ်ငန်း

*"ဆက်သွယ်ရေးသည် ကျွန်ုပ်တို့ လူသားများအတွက် ဘုရားသခင် ချမှတ်ထားသော စီမံကိန်း၏ အစိတ်အပိုင်း တစ်ခုဖြစ်ပြီး ဆက်သွယ်ရေးအားဖြင့် လူတို့သည် မိတ်သဟာဖွဲ့ကြရန်ဖြစ်သည်။ ဆက်သွယ်ရေး အားဖြင့် ကျွန်ုပ်တို့သည် မှန်ကန်ခြင်း၊ ကောင်းမြတ်ခြင်းနှင့် လှပခြင်းတို့ကို အချင်းချင်း မျှဝေနိုင်ကြသည်။"* ဤစကားလုံးများဖြင့် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်က သူ၏ သဝဏ်လွှာကို စတင်ထားသည်။

သို့သော် အမှန်တရားကို လှည့်နိုင်စွမ်းတို့သည်လည်း လူသမိုင်းအစကပင် ရှိခဲ့သည်မှာ ဝမ်းနည်းစရာ အဖြစ်ရှိနေသည်။ ဘုရားသခင်၏ စီမံကိန်းအပေါ် သစ္စာတည်ကြည်ကြသောအခါ ဆက်သွယ်ရေးသည် အမှန်တရားနှင့် ကောင်းမြတ်ခြင်းကို တာဝန်သိစိတ်ဖြင့် ရှာဖွေခြင်း ထိရောက်စွာ ထုတ်ဖေါ်ပြသခြင်း ဖြစ်သည်။

လျင်မြန်စွာ ပြောင်းလဲ တိုးတက်နေသော မျက်မောက်ကာလသည် ဒစ်ဂျစ်တယ် စနစ်များ ထွန်းကားလာခြင်းနှင့်အတူ သတင်း အမှားများလည်း ပြန့်နှံ့လာသည်ကို မြင်တွေ့နေရသည်။ ၁၉၇၂ ခုနစ်တွင် ပုပ်ရဟန်းမင်းကြီး ဆဌမမြောက် ပေါလူး က ကမ္ဘာ့ဆက်သွယ်ရေးနေ့ သဝဏ်လွှာ အဖြစ် " အမှန်တရားအား အစေခံနေသော လူထုဆက်သွယ်ရေး" ခေါင်းစဉ်ဖြင့် ထုတ်ပြန်ခဲ့ဖူးသည်။ ထိုနည်းအတိုင်းပင် အသင်းတော်သည် ဆက်သွယ်ရေးတွင် အမှန်တရားကို လေးစားကြရန် အစဉ်သွန်သင်ခဲ့သည်။ ဤလမ်းစဉ်ကို လိုက်လျက် ယခုနှစ်တွင် သတင်းမှားများ အလွယ်တကူ ပြန့်နှံ့နေခြင်းကို ဟန့်တားရန် နှင့် သတင်း လုပ်ငန်း၏ ဂုဏ်သိက္ခာကို ပြန်လည်း မြှင့်တင်ရန် သူ၏ သဝဏ်လွှာကို ထုတ်ပြန်ရကြောင်း ပုပ်ရဟန်းမင်းကြီး ဖရန်စစ်က နိဒါန်းပျိုး ရေးသားထားသည်။

သတင်းမှားများသည် မဟုတ်မမှန်သော အကြောင်းအရာအပေါ် အခြေခံခြင်း၊ တဝက်တပျက် အမှန်ကို ယူကာ ထင်ရောင်ထင်မှားဖြစ်အောင် တင်ပြခြင်း ဖြစ်ပြီး လူများ၏ စိတ်ခံစားချက်များကို လှုံ့ဆော်နိုင်ရန် ကြိုးစားခြင်းဖြစ်သည်။

သတင်းမှားများကြောင့် လူများအကြား သောကစိတ်၊ ဒေါသစိတ်၊ ဝမ်းနည်းစိတ်၊ မုန်းတီးစိတ် စသည့် စိတ်ခံစားချက်များ ဖြစ်ပေါ်စေကာ လူထု မငြိမ်မသက်မှုများ ဖန်တီးခြင်းဖြစ်သည်။

ထိုကြောင့် ပုပ်ရဟန်းမင်းကြီးက အမှန်တရားသည် သင်တို့ကို လွတ်လပ်စေမည် ဟူသော ကျမ်းပိုဒ်ကို ကိုးကားကာ သတင်းမှားများကို တိုက်ဖျက်ကြရန် နှိုးဆော်ထားသည်။

နောက်ဆုံးအနေနှင့် သတင်း လုပ်ငန်းသည် လူသားများအကြား ငြိမ်းချမ်းခြင်း ဖေါ်ဆောင်ရေးကို ရှေးရှုကြရန် တိုက်တွန်းသည်။ ထိုသို့ဆိုရာတွင် ပြဿနာများကို မရှိသလိုထားရန်မဟုတ် သို့သော် သတင်းရေးသားရာတွင် မဟုတ်မမှန်သည်များကို မရေးရန်၊ စိတ်သောကဖြစ်စေသော သတင်းခေါင်းစဉ်များကို ရှောင်ရှားကြရန်ဖြစ်သည်။

သူ၏ သဝဏ်လွှာကို ရဟန်းမင်းကြီးက သူကိုယ်တိုင် စပ်ဆိုထားသော ဆုတောင်း မေတ္တာဖြင့် အဆုံးသတ်ထားသည်။

# ကျွန်ုပ်တို့ရဲ့ ဆုတောင်းသံကို ဘုရားသခင် နားညောင်းခြင်း ဖြစ်ပါတယ်

တောင် နှင့် မြောက် ကိုရီးယား ခေါင်းဆောင် နှစ်ဦးတို့ ဧပြီလ ၂၇ ရက်နေ့တွင် သမိုင်းဝင် သဘောတူ ငြိမ်းချမ်းရေး လက်မှတ် ထိုးပြီးနောက် ဤအရာသည် ဘုရားသခင်က ကျွန်ုပ်တို့ ဆုတောင်းသံကို နားညောင်းခြင်းဖြစ်သည်ဟု ကက်သလစ် ဆရာတော်ကြီးများက ဆိုခဲ့သည်။

၁၉၅၃ ခုနှစ်ကပင်နှစ်နိုင်ငံကွဲခဲ့ပြီး ရန်သူများသဖွယ် နေခဲ့ရာမှ နှစ်ဖက်ခေါင်းဆောင်တို့သည် အလွန်ကြီးမားသည့် သမိုင်းဝင် သဘောတူညီချက်ကို ချမှတ်နိုင်ခဲ့ကြခြင်းဖြစ်သည်။

ထိုသဘောတူညီချက်ကို 'ပန်မွန်းဂျုမ်း' ကြေငြာချက် ဟု အမည်တွင်စေခဲ့သည်။ ထိုကြေငြာချက်တွင် "ကိုရီးယားကျွန်းဆွယ်ပေါ်တွင် စစ်ပွဲများမရှိစေရတော့ပါ။ ထို့ကြောင့် ငြိမ်းချမ်းခြင်း၏ အသစ်သောကာလကို စတင်ကြပါပြီ" ရေးထိုးခဲ့သည်။ ထိုကြေငြာစာတမ်းတွင် ကိုးရီးယားကျွန်းဆွယ်တွင် နျူကလီးယား ကင်းမဲ့ဇုံ အဖြစ်သတ်မှတ်နိုင်သည်အထိ ပူးပေါင်း လုပ်ဆောင်ရန် သဘောတူညီခဲ့ကြသည်။

"ကိုရီးယား ကျွန်းဆွယ်ပေါ်တွင် ငြိမ်းချမ်းခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်းနှင့် ပြန်လည် ပေါင်းစည်းရေးအတွက် ပြုလုပ်ခဲ့သော ပန်မွန်းဂျုမ်း ကြေငြာစာတမ်းသည်




ပြန်လည်ပေါင်းစည်းခြင်း ခေတ်သစ်ကို ဖေါ်ဆောင်ပေးမည့် သတင်းကောင်းဖြစ်သည်။ ဤ မြေအတွက် မျှော်လင့်ခြင်း သတင်းကောင်း ဖြစ်သည်။

ကက်သလစ် အသင်းတော် အနေနှင့် အဆက်မပြတ်ကျိုးပန်းခဲ့ သော လုပ်ဆောင်ချက်များနှင့် ဆုတောင်းခြင်းများအား ဘုရားသခင်၏ တုန့်ပြန်ချက် ဖြစ်သည့် ကိုးရီးယားနိုင်ငံနှစ်ခု၏ ထိပ်သီး ဆွေးနွေးပွဲသည် ကိုရီးယား ကက်သလစ် အသင်းတော်၏ တစိုက်မတ်မတ် အားထုတ်မှု ပြန်လည်ပေါင်းစည်းရေး ကော်မရှင်၏ စွမ်းဆောင်ချက်များ၏ အသီးအပွင့်ဟု ခေါ်ဆိုနိုင်သည်။ ၁၉၆၅ ခုနှစ်မှ စတင်ကာ ကိုရီးယား ကက်သလစ် အသင်းတော်သည် ကျွန်းဆွယ်ပေါ်တွင် ငြိမ်းချမ်းရေးရရှိရန် ဆုတောင်းခဲ့သည်။ နှစ်စဉ် ဂျွန်လ ၂၅ ရက်နေ့ကို ပြန်လည် သင့်မြတ်ရေးနေ့အဖြစ် သတ်မှတ်ကျင်းပခဲ့သည်။

ကိုရီးယားကက်သလစ် အသင်းတော်အနေနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ပြီးသည်အထိ ဆက်လက် ဆုတောင်းနေမည်၊ ဝိုင်းဝန်း ကျိုးပမ်းလုပ်ဆောင်နေမည်။ ကိုရီးယားရှိ ကက်သလစ်များအား ဤရည်ရွယ်ချက်အတွက် ညစဉ် ၉ နာရီ အချိန်တွင် စိပ်ပုတီးစိပ်ခြင်းဖြင့် ဆုတောင်းကြရန် နှိုးဆော်ထားသည်။

ဤသဘောတူညီချက်သည် ကိုရီးယားနိုင်ငံသားများအတွက် သာမက ကမ္ဘာတဝှမ်းလုံး အတွက်ပါ အလွန် ကျေနပ် အားရစရာ ကောင်းသော အချက်ဖြစ်သည်။

ထိပ်သီး တွေ့ဆုံခြင်း မတိုင်မီ ပုပ်ရဟန်းမင်းကြီး ဖရန်စစ်က ဤတွေ့ဆုံခြင်းဖြင့် လက်တွေ့ကျသော သဘောတူညီချက်များချမှတ်နိုင်ရန် တိုက်တွန်းခဲ့သည်။ ဧပြီလ ၂၉ ရက် တနင်္ဂနွေနေ့တွင် ပုပ်ရဟန်းမင်းကြီးက ခေါင်းဆောင် နှစ်ဦးအား ချီးမွမ်းစကား ဆိုခဲ့ပြီး နျူကလီးယား လက်နက်များ ကင်းရှင်းသွားသည်အထိ ငြိမ်းချမ်းရေး ဖေါ်ဆောင်နိုင်အောင် ဆုတောင်းပေးနေပါမည်ဟု မိန့်မှာခဲ့သည်။

နိုင်ငံ ခေါင်းဆောင်များကလည်း ဤသဘောတူညီချက်အတွက် ကိုရီးယား ခေါင်းဆောင် ချီးမွမ်းစကားများ ဆိုခဲ့ကြသည်။ သဘောတူညီချက်သည် အချိန်မရွေး ပျက်သွားနိုင်သည်ဟု အဆိုးမြင်သူများလည်း ရှိသည်။

Ref: CNA, Vatican Media

# အကြမ်းဖက်ခြင်းနှင့် ခြေးစားများ ရှိနေဟု နိုက်ဂျီးရီးယားဆရာတော်များဆို

ဧပြီလ ၂၅ ရက်နေ့တွင် နိုက်ဂျီးရီးယားနိုင်ငံ ဘယ်နု ပြည်နယ်ရှိ ဘုရားကျောင်း တစ်ကျောင်းအား သေနတ် များက ပစ်ခတ်ခဲ့ရာ ဘုန်းတော်ကြီးနှစ်ပါးအပါအဝင် ၁၉ ဦး သေဆုံးခဲ့သည်။ ယင်းဖြစ်ရပ်သည် နှစ်သစ်ကူး အချိန်၌ ၇၂ ဦးသေခဲ့ရသော ပစ်ခတ်မှုအပြီး အဆိုးဝါးဆုံး ပြန်ဖြစ်ခြင်း ဖြစ်သည်။

ကက်သလစ်ဆရာတော်ကြီးများ အဖွဲ့ချုပ်က ထိုပစ်ခတ်မှုသည် လက်နက်ကိုင်များအတွင် ကြေးစားများနှင့် အကြမ်းဖက်မှုများ ထိုးဖေါက် ဝင်ရောက်လာခြင်းကြောင့် ဖြစ်သည်ဟုတိုသည်။

သို့သော်ထိုပစ်ခတ်မှုများဖြစ်သော်လည်း မည်သူမျှ အရေးယူ ခံရခြင်း မရှိသလို တာဝန်ယူ ဖြေရှင်းဖြင်းမျိုးလည်း မရှိပေ။

အစိုးရ၏ လုံခြုံရေးစနစ်သည် ယိုယွင်းပျက်စီးနေပြီး မည်သည့် အကူအညီမျှ မပေးနိုင်တော့ဟု ဆရာတော်ကြီးများကိုယ်စား ဆရာတော် အာဗင်ညိုက ပြောခဲ့သည်။ "ကမ္ဘာကြီးက နားကန်းနေပြီး ကျွန်တော်တို့ အသံကို မကြားဘူး။ ဒါမျိုးက ရဝမ်ဒါမှာ ဖြစ်ခဲ့ပြီးပြီ။ ဂျာမဏီလိုနိုင်ငံမှာလည်း ဖြစ်ခဲ့ပြီးပြီ။ ကမ္ဘာကြီးက ကျွန်တော်တို့ကို နားမထောင်ဘူး။ ကျွန်တော်တို့ အကြီးအကျယ် ဒုက္ခရောက်နေပါတယ်။ ဒါပေမဲ့ ခရစ်ယာန်တွေဆိုတာ ရှင်ပြန်ထ မြောက်သူတွေပါ၊ ကျွန်တော်တို့ ဖွဲမလျှော့ပါ ဘူး။ မျှော်လင့်ချက်နဲ့ အသက်ရှင်နေကြမှာ ပါ" ဟု ဆရာတော် အာဗင်ညိုက ဆက်ပြောခဲ့သည်။

Ref: Vatican media



# အာဖရိက ကက်သလစ်ဆရာတော်ကြီးများနှင့် ဥရောပ ကက်သလစ်ဆရာတော်ကြီးများ တွေ့ဆုံ



အာဖရိကကက်သလစ် ဆရာတော်များအဖွဲ့မှ ကိုယ်စားလှယ် များနှင့် ဥရောပ ကက်သလစ်ဆရာတော်များ အဖွဲ့တို့သည် ဧပြီလ ၁၂ မှ ၁၅ ရက်အထိ ပေါ်တူဂီနိုင်ငံ ဖါတီမာတွင် တွေ့ ဆုံဆွေးနွေးခဲ့ကြသည်။ ထိုဆွေးနွေးပွဲ၏ အဓိကအချက်မှာ ဂလိုဘယ်လိုက်ဇေးရှင်းနှင့် ၄င်း၏ အကျိုးဆက်များ ဖြစ်သည်။ ထိုတွေ့ဆုံ ဆွေးနွေးခြင်း အပြီးတွင် ကြေငြာစာတမ်း တစ်စောင် ထုတ်ပြန်ခဲ့သည်။

ဂလိုဘယ်လိုက်ဇေးရှင်းသည် အလွန် ကြီးမားသော စွမ်းအားရှိပြီး လူ့အဖွဲ့စည်းတစ်ခုလုံးအပေါ် လူမှုရေး၊ စီးပွါးရေး၊ နိုင်ငံရေး၊ ဘာသာရေး နှင့် ဓလေ့ထုံးတမ်းများအပေါ်ပါ အကျိုးသက်ရောက်မှုရှိသည်။

ထိုသို့ဆိုသော် အဆိုးချည်းသာ ရှိသည်မဟုတ်ဘဲ တိုင်းနိုင်ငံများ အကြားစည်းလုံးခြင်း၊ အပြန်အလှန်ကူညီခြင်း စသည့် အကောင်းများလည်း ရှိသည်။

သို့သော် လောဘ၏ အပြစ်ကြောင့် မကောင်းမှုများစွာဝင်လာသည်။ လက်နက်ကိုင် ပဋိပက္ခများ နှင့် စစ်ဘေးဒုက္ခသည်များ တိုးပွါးလာခြင်းတို့သည် ဂလိုဘယ်လိုက်ဇေးရှင်းကြောင့်ဖြစ်သည်။ အသင်းတော် အနေနှင့် လူသား၏ အသက်နှင့် ဂုဏ်သိက္ခာ၊ သဘာဝပတ် ဝန်ကျင်နှင့် ဖန်ဆင်းခံကမ္ဘာကို လေးစားကြရန် တိုက်တွန်းထားသည်။

Ref: Vatican media

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဟောင်းဦးဝင်းမြင့် နိုင်ငံတော်သမ္မတသစ်ဖြစ်လာ

## သမ္မတသက်တမ်း နှစ်နှစ်မပြည့်မီ နိုင်ငံတော်သမ္မတဦးထင်ကျော် နုတ်ထွက်အနားယူခဲ့

ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် အမျိုးသားဒီမိုကရေစီအစိုးရအဖွဲ့တွင် နိုင်ငံတော်သမ္မတအဖြစ် နှစ်နှစ်နီးပါးတာဝန်ထမ်းဆောင်ခဲ့သော သမ္မတဟောင်း ဦးထင်ကျော်သည် မတ်လ ၂၁ ရက်တွင် ရာထူးတာဝန်များမှ နုတ်ထွက်အနားယူခဲ့သည်။

သမ္မတရာထူးမှ နုတ်ထွက်ခဲ့ခြင်းနှင့်ပတ်သက်၍ သမ္မတဟောင်း ဦးထင်ကျော်၏ ဇနီးဖြစ်သူဒေါ်စုစုလွင်က ဒေါ်အောင်ဆန်းစုကြည်၏ သမ္မတဖြစ်ရေး အခက်အခဲကြောင့် နိုင်ငံတော်သမ္မတအဖြစ် ၆ လခန့်တာဝန်ယူရန် သဘောတူညီခဲ့ကြခြင်းဖြစ်ကြောင်း ကြိုတင်ညှိနှိုင်းစီစဉ်ပြီးမှသာ နိုင်ငံတော်သမ္မတရာထူးမှ နုတ်ထွက်ခဲ့ခြင်းဖြစ်ကြောင်း သမ္မတနုတ်ထွက်မှုနှင့်ပတ်သက်ပြီး MIZZIMA TV က မေးမြန်းရာတွင်ပြောကြားခဲ့သည်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဟောင်း ဦးဝင်းမြင့် နိုင်ငံတော်သမ္မတသစ်ဖြစ်လာ

နိုင်ငံတော်သမ္မတ ဦးထင်ကျော် နုတ်ထွက်အနားယူသည့် ထိုနေ့ မတ်လ ၂၁ ရက်တွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဟောင်းဖြစ်သူ ဦးဝင်းမြင့်လည်း ၄င်း၏ရာထူးမှာ နုတ်ထွက်ခဲ့ပြီးလစ်လပ်နေသည့် နိုင်ငံတော်သမ္မတနေရာအတွက် ဒုတိယသမ္မအဖြစ် မတ်လ ၂၃ ရက်တွင် ရွေးချယ်ခြင်းခံခဲ့ရသည်။ မတ်လ ၂၈ ရက်တွင် ပြည်ထောင်စုမြန်မာနိုင်ငံ၏ နိုင်ငံတော်သမ္မတသစ်ကို ပြည်ထောင်စုလွှတ်တော်အတွင်းမဲပေးရွေးချယ်ခဲ့ကြပြီး ဒုတိယသမ္မတ သုံးဦးအနက် ဦးဝင်းမြင့်သည် ထောက်ခံမဲ ၄၀၃ မဲဖြင့် မဲအများဆုံးရရှိကာ နိုင်ငံတော်သမ္မသစ်ဖြစ်လာခဲ့သည်။

## သမ္မတသစ်၏ ကိုယ်ရေးအကျဉ်း

၂၀၁၅ ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အနိုင်ရပြီးနောက် လွှတ်တော်ဥက္ကဋ္ဌရာထူးဖြင့် လွှတ်တော်ကိုယ်စားလှယ်များကို ထိန်းကျောင်းခဲ့သည့် နိုင်ငံတော်သမ္မတသစ်ဦးဝင်းမြင့်သည်ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်၊ ညောင်ချောင်းကျေးရွာတွင် ၁၉၅၁ခုနှစ် နိုဝင်ဘာလ ၈ ရက်တွင် မွေးဖွားခဲ့ပါသည်။

ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္ကသိုလ်မှ B.SC(GEOLOGY), H.G.P, R.L ဘွဲ့များရရှိခဲ့ပြီးအထက်တန်းရှေ့နေ၊ တရားလွှတ်တော်ရှေ့နေ(ဓနုဖြူမြို့နယ်) အဖြစ် လုပ်ကိုင်ခဲ့ပြီး NLD ၏ ဓနုဖြူမြို့နယ်စည်းရုံးရေးမှူး၊ ဗဟိုအလုပ်အမှုဆောင်တာဝန်များ ထမ်းဆောင်ခဲ့သည်။

တက္ကသိုလ်ကျောင်းသားဘဝကတည်းက နိုင်ငံရေးနယ်ပယ်တွင် ဝင်ရောက်ခဲ့ခြင်းဖြစ်ပြီး ၁၉၈၈ ခုနှစ်အရေးတော်ပုံတွင် တက်ကြွစွာပါဝင်ခဲ့ခြင်းနှင့် အခြားနိုင်ငံရေးလှုပ်ရှားမှုများ



ကြောင့် (၃)ကြိမ်တိုင်တိုင် ဖမ်းဆီးထောင်ချခံခဲ့ရသည်။ ၁၉၉၀ ရွေးကောက်ပွဲတွင် ဧရာဝတီတိုင်းဓနုဖြူမြို့မဲဆန္ဒနယ်မှ ပြည်သူလွှတ်တော်အဖြစ်လည်းကောင်း၊ ၂၀၁၂ကြားဖြတ်ရွေးကောက်ပွဲတွင် ဧရာဝတီတိုင်း၊ ပုသိမ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အဖြစ်လည်းကောင်း၊ ၂၀၁၅ ရွေးကောက်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် သုံးကြိမ်တိုင်တိုင် ရွေးချယ်ခြင်းခံခဲ့ရသည်။

၂၀၁၅ ရွေးကောက်ပွဲပြီးနောက် လွှတ်တော်ဥက္ကဋ္ဌအဖြစ် လွှတ်တော်ဆိုင်ရာ လုပ်ငန်းတာဝန်များထမ်းဆောင်ရာတွင်လွှတ်တော်အမတ်များကို ပြတ်သားစွာ ပြောဆိုထိန်းကြောင်းခဲ့မှုများကြောင့် နာမည်ကြီးခဲ့သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ယုံကြည်စိတ်ချရသူ တစ်ဦးဖြစ်သော သမ္မတသစ် ဦးဝင်းမြင့်သည် မြန်မာနိုင်ငံ၏ ၁၀ ဦးမြောက်သမ္မတဖြစ်လာပြီးသမ္မတဖြစ်အချိန် အသက် ၆၇ နှစ်ရှိပြီးဖြစ်သည်။

## နိုင်ငံတော်သမ္မတအသစ်၏ ပထမဆုံးမိန့်ခွန်း

နိုင်ငံတော်သမ္မတသစ် ဦးဝင်းမြင့်သည် မတ်လ ၃၀ ရက်တွင် ပြည်ထောင်စုလွှတ်တော်အတွင်းဒုတိယသမ္မများနှင့်အတူ ကျမ်းသစ္စာပြုခဲ့ပြီး ပထမဆုံးမိန့်ခွန်းကိုပြောကြားခဲ့သည်။

သမ္မတသစ် ဦးဝင်းမြင့်၏ မိန့်ခွန်းတွင် နိုင်ငံတော်အတိုင်ပင်ခံဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုယုံကြည်စွာ ထောက်ခံခဲ့သောကြောင့် ကျေးဇူးတင်ကြောင်းပြောကြားခဲ့ပြီး ၄င်း၏သမ္မတတာဝန်ကို လေးနက်တည်ကြည်စွာထမ်းဆောင်သွားမည်ဖြစ်ကြောင်းကတိပြုခဲ့သည်။

၄င်း၏ ဦးစားပေးလုပ်ငန်းသုံးခုအနေဖြင့်(၁) တရားဥပဒေစိုးမိုးရေးနဲ့ပြည်သူများရဲ့လူမှု-စီးပွားဘဝတိုးတက်မြင့်မားရေး၊(၂) အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေး၊(၃) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးတည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးတို့ကိုအစွမ်းကုန် ကြိုးစားဖြေရှင်းသွားမည်ဖြစ်ကြောင်းကတိပြုခဲ့သည်။

ထို့အပြင် တိုင်းပြည်၏ ဒီမိုကရေစီပြောင်းလဲမှုဖြစ်စဉ် အဆင်ပြေချောမွေ့စေရန်

- ●ပြည်သူ၊ ပြည်သားများနဲ့ နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူ့ဝန်ထမ်းများအားလုံးရဲ့ ပုံစံကျနေတဲ့ အတွေးအမြင်တွေ၊ ပုံသေကားချပ် အလေ့အထတွေအားလုံးကို ပြုပြင်ပြောင်းလဲပေးကြရန် အထူးလိုအပ်လှပါတယ်။
- ●ပြုပြင်ပြောင်းလဲမှု နှောင့်နှေးနေတဲ့ ဌာနဆိုင်ရာအဖွဲ့အစည်းများကို ကြပ်မတ်ရပါလိမ့်မယ်။
- ●ယိမ်းယိုင်နေတဲ့တရားစီရင်ရေးကိုတည့်မတ်ရပါလိမ့်မယ်။
- ●အဂတိလိုက်စားမှုကိုပိုမိုတိုက်ဖျက်ရပါလိမ့်မယ်။
- ●လူ့အခွင့်အရေးချိုးဖောက်ခံရခြင်းများကို မြှင့်တင်ကာကွယ် ရပါလိမ့်မယ်။
- ●မူးယစ်ဆေးဝါးကိုပိုမိုနှိမ်နင်းရပါလိမ့်မယ်။
- ●ပြည်သူ့ဘဏ္ဍာငွေများအလေအလွင့် ဆုံးရှုံးမှုမရှိစေရန် စီမံခန့်ခွဲရပါလိမ့်မယ်။
- ●ဥပဒေမဲ့ သိမ်းဆည်းခံခဲ့ရတဲ့ လယ်ယာမြေများ ပြန်လည်ရရှိရေး၊ လျော်ကြေး၊ နစ်နာကြေးရရှိရေးတို့ကိုဥပဒေနဲ့အညီဆောင်ရွက်ရပါလိမ့်မယ်။
- ●တောင်သူလယ်သမားများရဲ့ လူနေမှုဘဝ မြင့်မားတိုးတက်ရေး၊ အလုပ်သမားများရဲ့ဘဝ သာယာစိုပြေရေး၊ ကျောင်းသားလူငယ်များအဆင့်မြင့်ပညာရပ်များဆည်းပူးခွင့်ရရှိရေးစသည်တို့ကိုဖော်ဆောင်ရပါလိမ့်မယ်။ဟုပြောကြားခဲ့သည်။

ထိုအချက်များအပြင် ပြည်သူများ၏နား၊ မျက်စေ့များဖြစ်သော သတင်းမီဒီယာအခန်းကဏ္ဍကို အလေးအနက်ထားကြရန်နှင့် ၄င်းအနေဖြင့် လူ့အဖွဲ့အစည်းကိုလှိုက်စားနေသောအဂတိလိုက်စားမှုကိုတိုက်ဖျက်ပြီးစာရိတ္တမဏ္ဍိုင်ကို ခိုင်မာအောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၄င်း၏ပထမဆုံးမိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

ချမ်းဇော်အောင်၊ CBCM

---

စာမျက်နှာ ၁၉ မှ အဆက်

ညနေ ၇ နာရီ ထိုးသည်နှင့် ၄င်းစတိတ်စင်ပေါ်ရှိ ဆောင်းဘောက်ကြီးများမှ လူငယ်သီချင်းများ စတင်ဖွင့်လှစ်လေပြီ။ စတိတ်စင်တစ်ခုလုံးမှာလည်း စလိုက်မီးပြောင်းကြီးများဖြင့် ထိန်လင်း၍ ညရံ အစတွင် ခန့်ညားလျှက်ရှိလေပြီ။ (မေရီကုန်းရွာမှာ အစိုးရလျှပ်စစ်မီး မရရှိပေ။ မီးစက်မောင်းထားခြင်းဖြစ်သည်။)

အို××× ကြိုးစားလိုက်စမ်း ... တို့လူငယ်တွေ ... သာသနာအစုံမှာ လူငယ် တွေ အစဉ်လှုပ်ရှားတယ်။ ရွှေပြည်နိုင်ငံ ရောက်ဖို့ကွယ် ... သီချင်းသံနှင့်အတူ မေရီကုန်းနှင့်ကျွန်းကုန်းရွာ နှစ်ရွာသည် လှုပ်လှုပ်ရှားရှားဆူဆူညံညံဖြစ်လာသည်။ ထို့နောက် လူငယ်ပွဲတော်မှ လာရောက် သော လူငယ်များနှင့်အတူ ရွာခံအိမ်ရှင်များ၊ ကျေးရွာ ဘောလူ ကြီး (ကျေးရွာဥက္ကဋ္ဌ)၊ ကလေးသူငယ်၊လူရွယ်များ စုစုပေါင်း အင်အား ၁၅၀ ကျော်ခန့် စတိတ်စင်ရှိရာသို့ စု ဝေးလာကြသည်။

ည၇နာရီခွဲ အချိန်တွင် ကြိုဆိုပွဲအခမ်းအနားကို စတင်ခဲ့ပြီး လူငယ်များ နှင့်အတူ လိုက်ပါလာသော ပုသိမ်သာသနာလူထုဆက်သွယ်ရေးရုံးမှ ဘုန်းတော်ကြီး ဝီလျံ စိုးမှ အဖွင့်ကောင်းချီမင်္ဂလာဖြင့် ဖွင့်လှစ် ပေးခဲ့သည်။

ထို့နောက် ရွာခံကလေးငယ်များသည် တိုင်းရင်းသားပေါင်းစုံ၏ ရိုးရာဝတ်စုံများဖြင့် ဝတ်ဆင်ကာ တိုင်းရင်းသားချစ်ကြည်ရေးသီချင်းများဖြင့် ပထမဦးစွာ ကပြဖျော်ဖြေခဲ့သည်။ ထိုနောက် လူငယ်ပွဲတော်မှ လူငယ်များမှ မြုံးမြုံးကြွကြွ အကများဖြင့် တစ်လှည့်စီဖျော်ဖြေခဲ့ရာ အစီစဉ် တစ်ဝက်အရောက် ည ၇နာရီ ၄၅မိနစ်ခန့် အရောက်တွင်အကများကိုကြည့်၍မကျေနပ်နိုင်သော ကလေး၊ လူငယ်၊ လူရွယ်၊ လူကြီးများသည် စတိတ်စင်အောက်မှ လိုက်ပါကခဲ့ကြသည်။ ဝန်းကျင်တစ်ခုလုံးမှောင်အတိပိတ်နေသော နေရာတွင် ထိုနေရာသည် လင်း၍ထိန်၍၊ တိတ်ဆိတ်ငြိမ်သက်ရာ ပတ်ဝန်းကျင်နှင့် ကောင်းကင်ပြင်တွင် ထိုနေရာမှ အသံသည် ကျယ်လောင်လသည်။ ကလေး၊လူငယ်၊ အဖိုး၊ အဖွား၊ ကချင်၊ကရင်၊ ဗမာ၊ ရခိုင်၊ချင်း၊ ထိုသို့သောမတူညီမှုများသည်ထိုနေရာတွင် တစ်စုတစ်စည်းတည်း တူညီလျှက်ရှိ သည်။ သို့သော် ထိုအပျော်များသည်....။ ထိုစတိတ်စင်၏ နောက်ခံစာလုံးတွင် "Welcome" ဟု ရေးထားသောပြားလည်း၊ "Good Bye" မရေး ထားသော်ပြားလည်း ကြိုဆိုခြင်း ဖြစ်သလို နှုတ်ဆက်ပွဲလည်းဖြစ်သည်ကို ထိုရွာခံများနှင့် လာရောက်လည်ပတ်သူ လူငယ်

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ် အောင်ဆန်းစုကြည်ပြောကြားသည့် နိုင်ငံတော် အစိုးရ တာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်း



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဖြစ်သူဒေါ် အောင်ဆန်းစုကြည်သည် ပြည်သူများသို့ နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂)နှစ်ပြည့် မိန့်ခွန်းတစ်ရပ်ကိုဧပြီလ (၁) ရက် ညပိုင်းတွင်နိုင်ငံတော်ရုပ်သံများမှ တစ်ဆင့်ပြောကြားခဲ့သည်။

၄င်း၏မိန့်ခွန်းတွင် ပြည်သူသို့ အရေးကြီးဆုံးတင်ပြမှုအဖြစ်နိုင်ငံတော်သမ္မတသစ်တင်မြှောက်မှုတွင် ဒီမိုကရေစီစနစ်၏တန်ဖိုးဖြစ်သောအပြောင်းအလဲများတွင် ပြည်သူကိုမထိခိုက်စေဘဲတရားဥပဒေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့်ကိုက်ညီအောင်ဆောင်ရွက်ခဲ့ကြောင်း၊ သမ္မတသစ်ကိုတစ်ပတ်အတွင်းရွေးချယ်နိုင်ခဲ့ပြီးထိုကဲ့သို့ အချိန်တိုအတွင်းရွေးချယ်နိုင်မှုသည် ဒီမိုကရေစီရင့်ကျက်တည်ငြိမ်မှုကို ပြသလိုက်ခြင်းပဲဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့အပြင် နိုင်ငံတော်သမ္မတ တာဝန်ကိုကျေပွန်စွာထမ်းဆောင်ခဲ့သောသမ္မတဟောင်းဦးထင်ကျော်ကိုကျေးဇူးတင်ကြောင်းနိုင်ငံတာဝန်ကို လူဟောင်းလူသစ်နှစ်ဦးဂုဏ်သိက္ခာရှိစွာလက်ဆင့်ကမ်းခြင်းသည်ပြည်သူကိုလေးစားရာ၊ နိုင်ငံကိုတန်ဖိုးထားရာရောက်သည်ဟုပြောကြားသွားသည်။

နိုင်ငံတကာဖိအားများနှင့် ပတ်သက်ပြီးမြန်မာနိုင်ငံသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများရစေရန် ရုန်းကန်နေရချိန်ဖြစ်ပြီး ပြည်တွင်း၊ပြည်ပစိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရကြောင်းထိုအခက်အခဲများနှင့် ပတ်သက်ပြီး "အားလုံးအထက်မှာ ကျွန်မတို့အတွက် အရေးအကြီးဆုံးသင်ခန်းစာကတော့ ပြည်သူရဲ့ နားလည်ထောက်ခံမှု၊ အားပေးမှုများရဲ့ အဖိုးမဖြတ်နိုင်တဲ့ တန်ဖိုးပါပဲ။ ဒါကြောင့် ယခုလာမဲ့ မြန်မာသက္ကရာဇ် ၁၃၈၀ ခုနှစ်အတွက် ကျွန်မတို့ အစိုးရအနေနဲ့ "စုပေါင်းအင်အား" ကိုအလေးထားပြီး နိုင်ငံရဲ့ စိန်ခေါ်မှုကြီးများကိုကျော်ဖြတ်ဖို့သန္နိဋ္ဌာန် ချလိုက်ပါတယ်။" ဟုပြောကြားခဲ့သည်။

နိုင်ငံအတွက် အလိုအပ်ဆုံးသည် ငြိမ်းချမ်းရေးဖြစ်ပြီးလက်နက်ကိုင် ပဋိပက္ခများကို အပြန်အလှန်နားလည်မှု၊ အပြန်အလှန်လေးစားမှု အုတ်မြစ်ပေါ် တွင်အခြေခံ၍စုပေါင်းအင်အားဖြင့် တည်ဆောက်နိုင်ကြောင်း၊ ငြိမ်းချမ်းရေးဖြစ်စဉ်ကိုပံ့ပိုးကူညီရန်နှင့် အထူးသဖြင့် အနာဂတ်ကိုမျှော်ကိုး၍ လူငယ်များပါဝင်စေချင်ကြောင်းပြောကြားခဲ့သည်။

ထို့အပြင် ဝန်ကြီးဌာနများအနေနှင့် ပြည်သူတို့၏လူမှုစီးပွားဖြစ်ဖြိုးတိုးတက်မှုများနှင့် ပတ်သက်ပြီးပွင့်လင်းမြင်သာစွာအစဉ်မပြတ် အသိပေးရန်ညွှန်ကြားထားကြောင်း ၄င်းကဆိုသည်။

မိန့်ခွန်းအချုပ်တွင် တိုင်းပြည်အတွက်ကြိုးပမ်းမှုများတွင် အကူအညီပေးနေကြသော ပြည်တွင်း၊ ပြည်ပမိတ်ဆွေအဖွဲ့အစည်းများ၊ စီးပွားရေး လုပ်ငန်းရှင်များ၊ အတတ်ပညာရှင်များနားလည်မှု၊ စာနာမှုများဖြင့် ထောက်ခံပေးနေကြသော ပြည်သူများကို ကျေးဇူးတင်ကြောင်းပြောကြားခဲ့ပြီးငြိမ်းချမ်း၊တိုးတက်၊သာယာသောစစ်မှန်သည့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီးကိုမနေးအမြန်စုပေါင်းအင်အားနဲ့အကောင်အထည် ဖော်နိုင်ကြပါစေကြောင်း ဆန္ဒပြုခဲ့သည်။

---

များ သေချာစွာသိပြီးဖြစ်သည်။

စင်ပေါ် နှင့် စင်အောက် ကပွဲများပြီးနောက် ကျေးရွာဘောလူကြီးမင်း၏ စကားပြော ရမည့်အချိန်ဖြစ်သည်။ ဘောလူကြီးမင်းက ပွဲတော်မှ လူငယ်များ ၄င်းတို့ ရွာများသို့ လာရောက် လည်ပတ်ခြင်းကြောင့် ဝမ်းသာကြောင်း ပြောကြားပြီး နံနက်ပိုင်းမသွား ခင်အစီစဉ်နှင့် ပတ်သက်ပြီး နောက်နေ့နံနက်(ဧပြီလ၂၅ ရက်နံနက်) စောစောထပြီး ကျွန်ကုန်းရွာနှင့် မေရီကုန်းရွာသို့ နေရာစုံ လည်ပတ်ရန် မေတ္တာရပ်ခံနေသည်။ ထို့အပြင် ၄င်းတွင် သမီးပျိုမိန်းကလေးများ ရှိကြောင်းပြောဆို၍ လာရောက် လည်ပတ်သည့် လူငယ် ယောကျာ်းလေးများကို သားဟု ခေါ်လို့ရမလားဟု အရွှန်းဖောက်သည်။ ကျေးရွာ ဘောလူကြီးမင်း စကားပြောပြီးနောက် လာရောက် လာပတ်သည့် လူငယ်ပွဲတော်မှ လူငယ်လေးများမှ တစ်ယောက်က နှုတ်ဆက်စကား ပြောကြားခဲ့ပြီး၊ ရွာခံ လူငယ် မောင်မယ်များမှလည်း ပြန်လည် နှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။


နှုတ်ဆက်စကားများ အသီးသီး ပြော ကြားပြီးနောက် ရွာခံလူငယ်များမှ "ထီးထာ ကလုံး(မြစ်ဝကျွန်းပေါ်)" ဟုခေါ်သော သီချင်းဖြင့် သီဆိုနှုတ်ဆက်ကြသည်။ ၄င်းသီချင်း အဓိပ္ပါယ်မှာ

"ကျွန်တော်တို့ နေထိုင်ရာ မြစ်ဝကျွန်းပေါ်တွင် သစ်ပင်ဝါးရိပ် ပေါကြွယ်ဝသည်၊ စားစရာ သားငါးများ ပေါသည်....ဒီမြစ်ဝကျွန်းပေါ်မှာ နေထိုင်ကြသော ကရင်များသည် ချောမောလှပါပါတယ် ... ဒီမြစ်ဝ ကျွန်းပေါ်ကို လာလည်ကြဖို့ ဖိတ်ခေါ်ပါတယ်...."

ချစ်စရာကောင်းသော အေးချမ်းသော ဒီနေရာမှာ မနက်ဖြန်နေ့တွင် ရိုးသားသော သူတို့နှင့် ရိုးစင်းစွာ ဖြတ်သန်းရမည့် တစ်ရက်တာ အတွက် ရင်ခုန်နေမိပါသည်။



ဧပြီ ၂၉ ရက်နေ့တွင် ပုသိမ်မြို့အတွင်း လူငယ်များ အမှိုက်ကောက်ခဲ့ကြသည်



အသင်းတော်၏မယ်တော် မာရီယား ပွဲနေ့ကို ၂၀၁၈ ခု မေလ ၂၁ ရက်နေ့တွင် ကျင်းပ အသင်းတော်၏ ဝတ်ပြု ကိုးကွယ်ခြင်း ပြက္ခဒိန်တွင် ပထဦးဆုံး အကြိမ် ကျင်းပမည်

## ရဟန်း သိက္ခာခံယူခြင်း နှစ်ပတ်လည်



Bp Sotero Phamo
18 May 1972

## ဆရာတော် သိက္ခာခံယူခြင်း နှစ်ပတ်လည်


Bp Felix Lain Khen Thang
6 May 2006

## မွေးနေ့ရှင် ဆရာတော်ကြီးများ


Bp John Saw Yaw Han
5 May 1968


Abp Nicolas Mang Thang
18 May1943

# အာရှတခွင် အာဗီအေ ဌါနများ၏ လုပ်ငန်းပြန်လည် သုံးသပ်ခြင်းနှင့် စီမံကိန်းရေးဆွဲခြင်း

အာရှသမ္မာတရားရေဒီယို ထုတ်လွှင့်ခြင်းများကို ဇူလိုင်လ ၁ ရက်နေ့တွင် ရပ်နားပြီး အင်တာနက် အခြေပြု ထုတ်လွှင့်ခြင်းများ စတင်တော့မည်ဖြစ်ရာ ကြိုတင်ပြင်ဆင်ထားမှု အခြေအနေ နှင့် လက်ရှိလုပ်ဆောင်နေခြင်းများ၊ ဆက်လက် လုပ်ဆောင်မည့် စီမံကိန်းများကို ဆွေးနွေးည့် အစည်းအဝေးကို ၂၀၁၈ ခုနှစ် ဧပြီလ ၇ ရက် မှ ၉ ရက် အထိ မြန်မာနိုင်ငံ ကက်သလစ်ဆရာ တော်ကြီးများ ကျောင်းတိုက်တွင် ပြုလုပ်ခဲ့သည်။

အစည်းအဝေးကို ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ ဌါနချုပ်မှ တာဝန်ရှိသူများ၊ မြန်မာ၊ ကမ္ဘောဒီးယား နှင့် ထိုင်းနိုင်ငံများမှ အာဗီအေ ဝန်ထမ်းများ တက်ရောက် ဆွေးနွေးကြသည်။

အွန်လိုင်း အစီအစဉ်များအတွက် လေ့ကျင့်သင်ကြားပေးသော သင်တန်း၏ အကျိုး သက်ရောက်မှုများ မည်မျှရှိသည်၊ မိမိတို့ လုပ်ငန်းတွင် မည်မျှ အသုံးဝင်သည်ကို ပြန်လည် သုံးသပ်စေခဲ့သည်။

ရှေ့ဆက်ပြီး အွန်လိုင်းတင်ရာတွင် ပါဝင်ရမည့် အစီအစဉ်များ၊ တင်ဆက်မှု အစီအစဉ်များ အရည်အသွေး မြှင့်မှီရေး၊ ပရိတ်သတ်၏ တုန့်ပြန်မှုကို မျက်ခြေမပြတ် စောင့်ကြည့်ရေး စသည်တို့ကို တင်ပြဆွေးနွေးကြသည်။

မြန်မာ၊ ပိုးကရင်၊ စကောကရင် ၊ ကချင် (ဂျိန်းဖေါ)၊ တီးတိန်ချင်း၊ ဖလမ်းချင်း နှင့် မင်းတပ်ချင်း ဘာသာစကားများဖြင့် တင်ဆက်နေသည့် အစီအစဉ်များကို ဖေ့စ်ဘွတ် စာမျက်နာများပေါ်တွင် တွေ့ရှိနိုင်ပြီ ဖြစ်သည်။

ဤအပြောင်းအလဲအတွက် ကြီးမားသော စိန်ခေါ်မှုများကိုလည်း ရင်ဆိုင်နေရဆဲ ဖြစ်သည်။



# စိန်ပေါလ် အသင်းဂိုဏ်း၏ အကြီးအကဲအသစ် ရွေးချယ်တင်မြှောက်



စိန်ပေါလ် သာသနာပြု အသင်းဂိုဏ်းကို ကာဒီနယ် ချားလ်စ်ဘို က ၁၉၉၂ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး စစ္စတာများ၊ ဘရာသာရ်များနှင့် ဘုန်းတော်ကြီးများ ပါဝင်သည်။ စစ္စတာများက သီးခြား ဂိုဏ်းအဖြစ် ရှိနေပြီး ဘရာသာများနှင့် ဘုန်းတော်ကြီးများက တစ်ဂိုဏ်းသီးသန့်ရှိသည်။

အ သ င်း ဂို ဏ်း တ ည်ေ ထာ င် သူ ကာဒီနယ်ချားလ်စ်ဘို ဦးဆောင်ပြီး အသင်းဂိုဏ်း၏ ဒုတိယ ညီလာခံကို ဧပြီ ၁၆ နှင့် ၁၇ ရက်များတွင် အနီးစခန်း၌ ကျင်းပပြုလုပ်ခဲ့သည်။ ထိုညီလာခံတွင် သက်တမ်း ၆ နှစ်ပြည့်ပြီဖြစ်သော ဖါသာရ် ရောဘတ် ဟောက်စမုန် ၏ နေရာအတွက် အကြီးအကဲအသစ်ကို မဲခွဲရွေးချယ်ကာ ခန့်အပ်ခဲ့သည်။ အကြီးအကဲ အသစ် အဖြစ် ဖါသာရ် သောမတ် ကျန်ရင်း အား ခန့်အပ်ခဲ့ပြီး သူ၏ အကြံပေး အဖွဲ့တွင် ဖါသာရ် ရောဘတ် ဟောက်စမုန် (လက်ထောက်) ဖါသာရ် သောမတ်စ် မိုးနိုင် (ဘဏ္ဍာထိန်း)၊ ဘရာသာရ် တီမောသေ (အဖွဲ့ဝင်) တို့ကို ရွေးကောက် ခန့်အပ်ခဲ့သည်။

ယခုအချိန်တွင် စိန်ပေါလ် သာသနာပြု အသင်းဂိုဏ်းတွင် ဘုန်းတော်ကြီး ၉ ပါးနှင့် ဘရာသာရ် ၂၆ပါး ရှိသည်။

